# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၁၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (20-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ချီးမြှင့်

**မော်လမြိုင် မတ် ၁၉**

၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့အခမ်းအနားနှင့်ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနားကို မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




**၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။**

## အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် **Grade 12** ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှစတင်၍ မတ် ၁၉ ရက်ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် **PDF** အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသအချို့ရှိ ကျောင်းသား၊ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြပါသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁**




ရတနာပုံ
၂၀၁၆ ခုနှစ် မတ် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# အပူဒဏ်အန္တရာယ် သတိပြုကာကွယ်

ကမ္ဘာကြီးသည် ယနေ့ကာလတွင် အယ်နီညို၊ လာနီညာရာသီဥတုဖောက်ပြန်မှုများကို ပိုမိုကြုံတွေ့လာရသည်။ အကျိုးဆက်အားဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း၊ ရေခဲများအရည်ပျော်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ အစားအစာနှင့် သောက်သုံးရေရှားပါးလာခြင်း စသည့်ဖြစ်စဉ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခံစားနေရသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါဖြစ်စဉ်တချို့ကို အခြားနိုင်ငံများနည်းတူ ခံစားလာရသည်ကို တွေ့ရပေသည်။

ယခုအခါ ပူပြင်းခြောက်သွေ့သောနွေကာလကို ရောက်ရှိလာပြီဖြစ်သောကြောင့် အပူဒဏ်ကို လူအများခံစားကြရမည်ဖြစ်ပြီး အပူဒဏ်ကြောင့် ကွက်တက်ခြင်း၊ အပူလျှပ်ခြင်းသည် ပူပြင်းသောနေပူထဲ၌ လှုပ်လှုပ်ရှားရှားနေသူများတွင် ပို၍အဖြစ်များပါသည်။ အပူကြောင့် ကွက်တက်ခြင်းသည် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ အဝလွန်သူများ၊ အရက်သောက်သူများတွင် ပို၍အဖြစ်များတတ်ပေသည်။ ထို့ပြင် အပူချိန်လွန်ကဲသည့်အခါ ချွေးထွက်လွန်ပြီး ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးကာ အားအင်ကုန်ခန်းခြင်းများကိုလည်း ဖြစ်စေပါသည်။

အပူလျှပ်ခြင်းသည် ခန္ဓာကိုယ်အပူချိန်လွန်စွာမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်တတ်ပေသည်။ အပူဒဏ်ကို အချိန်ကြာမြင့်စွာထိတွေ့ခြင်း၊ ပူပြင်းချိန်၌ လှုပ်ရှားမှုပြင်းပြင်းထန်ထန်လုပ်ဆောင်ခြင်းတို့ကြောင့် ခန္ဓာကိုယ်အပူချိန်မြင့်တက်လာပြီး ခန္ဓာကိုယ်အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်သို့မဟုတ် ၎င်းအထက်မြင့်တက်နေခြင်းမျိုးဖြစ်သည်။ အပူလျှပ်သည့်အခါ အရေးပေါ်ပြုစုကုသမှုလုပ်ဆောင်ပေးရန်လိုပေသည်။ မကုသဘဲထားလျှင် အပူလျှပ်ခြင်းကြောင့် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားတို့ကို အချိန်တိုအတွင်း ထိခိုက်ပျက်စီးနိုင်သည့်အပြင် ပြင်းထန်သောနောက်ဆက်တွဲဝေဒနာများကြောင့် အသက်သေဆုံးသည်ထိဖြစ်နိုင်ပေသည်။

အပူလျှပ်ခြင်းနှင့် ချွေးထွက်လွန်ခြင်းတို့သာမက သိသာထင်ရှားခြင်းမရှိသော နွေရာသီအပူဒဏ်၏ အခြားဘေးအန္တရာယ်များကိုလည်း သတိပြုကာကွယ်ရန်လိုပေသည်။ ပူပြင်းသောနွေကာလတွင် လိုက်လျောညီထွေရှိသော အဝတ်အထည်ပါးပါးချောင်ချောင်ကို ဝတ်ဆင်သင့်ပေသည်။ နေရောင်ခြည်ကိုစုပ်ယူသော အရောင်ရင့်သည့် အနီရောင်၊ အမည်းရောင် စသောအဝတ်အထည်များကို မဝတ်ဆင်သင့်ပေ။ အရောင်နုနု အရောင်ဖျော့ဖျော့ ပွပွချောင်ချောင်အဝတ်အထည်များကိုသာ ဝတ်ဆင်သင့်ပေသည်။ မဖြစ်မနေ အပြင်နေပူထဲသွားရမည်ဆိုပါက ထီး၊ ဦးထုပ်၊ ခေါင်းဆောင်းအဝတ်တို့ဖြင့် သွားသင့်ပေသည်။ သို့မှသာ အပူဒဏ်ကာကွယ်ရာရောက်မည်ဖြစ်ပေသည်။

နေပူပူထဲ အချိန်ကြာမြင့်စွာ သွားလာပြီးနောက် ရေခဲရေသောက်ခြင်း၊ ရေနွေးပူ၊ စွပ်ပြုတ်စသည့် အရည်ပူပူများသောက်ခြင်း၊ ငရုတ်သီး၊ ချင်း၊ မွှစ်ချဉ်၊ ငရုတ်ကောင်း စသည့် ပူပူလောင်လောင်အစပ်များစားခြင်း၊ ရေသောက်သုံးမှုပမာဏ လွန်စွာနည်းပါးခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင်းအပူချိန်မြင့်တက်လာစေပါသည်။ ထို့ကြောင့် နွေရာသီနေပူပူတွင် အပူဒဏ်ကို ကာကွယ်ရန်အတွက် အပူငြိမ်းစေမည့်အစားအစာများကိုစားခြင်း၊ ရေများများသောက်ခြင်း၊ နေအပူရှိန်မြင့်တက်နေချိန်တွင် လေကောင်းလေသန့်ရရှိသော အမိုးအကာအောက်၌ ခိုနားခြင်းတို့ဖြင့် အပူဒဏ်ကိုကာကွယ်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မန္တလေးစျေးချိုတော်ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ယာယီပိတ်ထားမည်



**မန္တလေး မတ် ၁၉**

မန္တလေး စျေးချိုတော်ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စျေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

လာမည့်ဧပြီလတွင် ကျင်းပမည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ၌ မန္တလေးမြို့တွင် ကုန်စည်စီးဆင်းမှု အားအကောင်းဆုံးဖြစ်သည့် မန္တလေးစျေးချိုတော်ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့၊ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့၊ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့ထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၈ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာအတာရေသဘင်သင်္ကြန်ပွဲတော်ကာလမှာတော့ စျေးချိုတော်က စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းတွေ ဖွင့်လှစ်ရောင်းချနေတဲ့ စျေးဆိုင်ခန်းတွေအားလုံး လုပ်ငန်းခဏယာယီရပ်ဆိုင်းပြီး ပိတ်ထားမှာပါ။ အခုကတော့ မန္တလေးစျေးချိုတော်မှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးသက်နိုင်က ပြောပြသည်။

ယခုလက်ရှိ သင်္ကြန်ကာလမတိုင်မီ မန္တလေးစျေးချိုတော်တွင် အဝတ်အထည်၊ လူသုံးကုန်နှင့် အလှကုန်များပါ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ထို့ပြင် သစ်သီးတန်းဘက်တွင်လည်း ဖရဲသီး၊ သင်္ဘောသီး၊ ငှက်ပျောသီး စသည့်သစ်သီးဝလံများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

မန္တလေး စျေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းများ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စျေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ် ၁၁ ရက်မှ ၁၈ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၃၆ စီးထိရှိ

**မန္တလေး မတ် ၁၉**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ် ၁၁ ရက်မှ မတ် ၁၈ ရက်ထိ ကုန်စည်တင်ပို့သည့်ကုန်တင်ရေယာဉ် ၃၆ စီးထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ် ၁၁ ရက်မှ မတ် ၁၈ ရက်ထိ ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ထုံး၊ တင်လဲရည်နှင့် အခြားကုန်စည်များကိုတင်ပို့သည့် ကုန်တင်ရေယာဉ် ၃၆ စီးထိ ရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ သကြား စတဲ့ကုန်စည်တွေက အများဆုံးရရှိနေတယ်။ ကုန်စည်ရရှိတဲ့အတွက် ကုန်တင်၊ ကုန်ချအလုပ်သမားတွေ အလုပ်အကိုင်ရရှိကြပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ မတ် ၁၁ ရက်မှ မတ် ၁၈ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၁၁၇၇ ဒသမ ၃၅ တန်၊ ပြောင်းဆန် ၁၁၃၉ ဒသမ ၂၅ တန်၊ ကျောက်စရစ်ကျင်းအရေအတွက် ၂၅၀၊ ကျောက်မီးသွေး ၁၅၆၇ တန်၊ သံပိုက် ၁၅ တန်၊ ထုံး ၁၂၅ တန်၊ တင်လဲရည် ၈၅ ဒသမ ၉၃ တန်၊ အထပ်သားအချပ်ရေ ၆၀၀၊ သကြား ၃၁၆၇ ဒသမ ၆ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ရောဝတီမြစ် ရေနည်းချိန်ကာလမှာ ရေယာဉ်တွေအနေနဲ့ အထူးဂရုပြုမောင်းနှင်ဖို့ရယ် ရေနည်းကာလအတွင်း ရေယာဉ်တွေ သောင်တင်တာ၊ ရေလမ်းကြောင်းအတွင်း မတော်တဆဖြစ်ပွားတာတွေ မဖြစ်ပေါ်စေဖို့ ရေလမ်းအသုံးပြုသူတွေအနေနဲ့ မိမိရေယာဉ်ရဲ့ ဝန်တင်ရေစူးကို ရေလမ်းကြောင်းအခြေအနေပေါ်မူတည်ပြီး သတ်မှတ်ထားတဲ့ ရေစူးကန့်သတ်ချက်နဲ့အညီ တင်ဆောင်ပြီး စနစ်တကျခုတ်မောင်းကြဖို့ လိုအပ်ပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ထို့ပြင် မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့်ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပလိပ်နှင့် မြစ်ငယ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပလိပ်နှင့် မြစ်ငယ်ဒေသမှထွက်ရှိပြီး ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ပလိပ်နှင့် မြစ်ငယ်ဒေသမှ ထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၅၀ မှ ၃၀၀ ထိရရှိကြောင်း သိရသည်။

"လက်ရှိမှာ ပန်းမုန်လာက ပလိပ်နဲ့ မြစ်ငယ်ဒေသကပဲ ထွက်ရှိလာပါတယ်။ ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ မြေပြန့်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ ပန်းမုန်လာတွေ ဈေးကွက်အတွင်းကို နေ့စဉ်လှိုင်လှိုင် ဝင်ရောက်လာပါတယ်။ အောင်ပန်းဒေသကထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ သီရိမာလာကုန်စိမ်းဈေးမှာ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ မုန်လာဥနီ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ရွှေမြို့နယ် စံကားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ မတ် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စံကားကျေးရွာအုပ်စု စံကားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူ၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးဟိန်းထက်ကျော်တို့က စံကားကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ရွှေမြို့နယ် စံကားကျေးရွာ၌ လီတာ ၂၀၀၀ ဆံ့ရေစင် တည်ဆောက်ခြင်း၊ စာသင်ကျောင်းအားကစားဝင်းအတွင်း အရှည် ပေ ၃၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဗီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဗီဝိတဒါန သံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီအဖွဲ့က ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဗီဝိတဒါန သံဃာ့ဆေးရုံကြီးနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ထူးဆောင် ဦးမြဝင်း၊ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းများတွင် ၃၆၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းများတွင် ၃၆၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်းဧက ၅၂၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပဲတီစိမ်းစိုက်ခင်းများကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၆၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပဲတီစိမ်းများကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၂ ဒသမ ၄၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၄၅၆၁ ဧက စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ပဲတီစိမ်းတွေကို ဖေဖော်ဝါရီလ ပထမပတ်က ရိတ်သိမ်းနေတာ ဒီနေ့ထိ ပဲတီစိမ်းဧက ၃၆၀၀ ကျော်ထိ ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ပဲတီစိမ်းလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကိုစနစ်တကျ စီမံဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းဖို့ကိုလဲ ဆက်လက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများ အားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဇုန်များကို မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်ပေးထားမည်

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဇုန်များကို မဟာသင်္ကြန်ကာလအတွင်း အများပြည်သူ လေ့လာအပန်းဖြေနိုင်ရန် ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး(စီမံ) ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း အများပြည်သူများလေ့လာအပန်းဖြေနိုင်ရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန်များကိုဖွင့်လှစ်ပေးရာတွင် ပင်းယယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုဇုန်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ ခရီးသွားတွေ အသွားအလာများတဲ့ဇုန်တွေကတော့ နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်နေကျအတိုင်း ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ပင်းယယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုဇုန်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွေဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးက ဒီဇုန်တွေအပြင် ပဲခူးယဉ်ကျေးမှုဇုန်နဲ့ သရေခေတ္တရာယဉ်ကျေးမှုဇုန်လဲ ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဇုန်တွေထဲမှာရှိတဲ့ ပြတိုက်တွေကတော့ ပိတ်ထားမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး(စီမံ) ဦးအောင်အောင်ကျော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန်များ ဖွင့်လှစ်ထားမည်ဖြစ်သော်လည်း မြနန်းစံကျော်ရွှေနန်းတော်ကိုမူ ပိတ်ထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်အောင်ကျော်ထံမှ သိရသည်။ ASH

# စဥ့်ကူးမြို့နယ် ဆီဆုံကျေးရွာ၌ ဆင္ခမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဥ့်ကူး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဆီဆုံကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျနိုင်စေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စဥ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က ဆီဆုံကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆီဆုံကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၃ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**



# ဥသာမြို့တော်နှင့် ရှေးဟောင်းအဆောက်အအုံများ

မောင်သာ(ရှေးဟောင်းသုတေသန)



ပဲခူးမြို့ရှိ ရွှေသာလျောင်းရုပ်ပွားတော်ကို ဖူးတွေ့ရစဉ်။

(ယခင်တစ်ပတ်မှအဆက်)

**လျောင်းတော်မူသုံးဆူ**

လျောင်းထိုင်ရပ်သွား၊ ကြ္ကရိယာပုတ်လေးပါးအနက် ထိုင်တော်မူ ဗုဒ္ဓဆင်းတုရုပ်ပွားတော်များကို မြန်မာနိုင်ငံနေရာအနှံ့၌ ထုလုပ်ပူဇော်လေ့ရှိကြသည်။ ဗုဒ္ဓဘာသာဝင်များ၏အိမ်များတွင် အများအားဖြင့် ထိုင်တော်မူဆင်းတုတော်များကို ဖူးတွေ့ရလေ့ရှိပြီး ရပ်တော်မူနှင့် လျောင်းတော်မူဆင်းတုတော်များကို အချို့သော စေတီပုထိုးကျောင်းကန်များတွင် ဖူးတွေ့နိုင်ကြသည်။ သွားတော်မူပုံများကိုမူ ထုလုပ်မှုနည်းပါးကာ ဘုရားရှင်ကြွချီတော်မူလာပုံနှင့် စင်္ကြံလျှောက်တော်မူပုံများကို ရပ်တော်မူပုံများအတိုင်း ထုလုပ်ပူဇော်လေ့ရှိသည်။

လက်ရှိ ပဲခူးမြို့လယ်ရှိ သုဒဿနကုန်းခေါ် မြင်းသီတကုန်းပေါ်တွင် သာသနာနှစ် ၂၃၇ ခုနှစ်က တည်ထားခဲ့သည့် ရွှေမော်ဓောစေတီသည် မူလက ၂၇ တောင်သာမြင့်ခဲ့သော်လည်း ယခုအခါ ဉာဏ်တော် ၂၁၄ တောင်(၃၁၁ ပေ)ရှိသည်။ ရွှေမော်ဓောစေတီသည် ပဲခူးမြို့၏ကျက်သရေဆောင် စေတီတော်ကြီးတစ်ဆူဖြစ်သကဲ့သို့ လျောင်းတော်မူသုံးဆူဖြစ်သည့် ရွှေသာလျောင်း၊ မြသာလျောင်းနှင့် စိန်သာလျောင်းတို့သည်လည်း ပဲခူးမြို့၏ ထင်ရှားသောကြည်ညိုဖွယ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများဖြစ်ကြသည်။ ရွှေသာလျောင်းနှင့် မြသာလျောင်းသည် ပဲခူးမြို့၏ အနောက်ဘက်တွင်တည်ရှိပြီး စိန်သာလျောင်းက မြို့၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။

**ရွှေသာလျောင်း**

ရွှေသာလျောင်းရုပ်ပွားတော်သည် ပဲခူးမြို့အတွင်းမှ မဟာစေတီသို့ သွားသည့်လမ်းပေါ်တွင် ရှိသည်။ ရန်ကုန်မြို့မှလာလျှင် ပဲခူးမီးရထားခုံးတံတားသို့မရောက်မီ လက်ဝဲဘက်သို့ချိုးဝင်ပါက ရွှေသာလျောင်းရုပ်ပွားတော် သီတင်းသုံးသည့်နေရာသို့ ရောက်ရှိသည်။

ရွှေသာလျောင်းရုပ်ပွားတော်ကြီးကို မွန်ဘုရင် မဂ္ဂဒီပက သက္ကရာဇ် ၉၉၄ ခုနှစ်တွင် တည်ထားခဲ့ပြီး နှစ်ကာလရှည်ကြာစွာ ချုံနွယ်ပိတ်ပေါင်းများကြားတွင် ပျောက်ကွယ်နေခဲ့ရာမှ ၁၈၈၀ ပြည့်နှစ်တွင် ရထားလမ်းဖောက်လုပ်ရန်ရှင်းလင်းခဲ့စဉ် ပြန်လည်တွေ့ရှိခဲ့သည်။ ရုပ်ပွားတော်ကြီးကို ၁၈၈၁ ခုနှစ်တွင် ပြုပြင်မွမ်းမံခဲ့ပြီး ခေါင်းအုံးတော်လက်ဝဲဘက်ခြမ်းကို ထည့်သွင်းခဲ့ကာ ရုပ်ပွားတော် အပေါ်နှင့် ဘေးတွင် အမိုးအကာများဆောက်လုပ်ခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။

ရုပ်ပွားတော်သီတင်းသုံးနေသည့် ကျောင်းဆောင်တော်ပေါ်တွင် ရေးသားထားသော မှတ်တမ်းစာအရ ရွှေသာလျောင်းရုပ်ပွားတော်သည် အလျား ပေ ၁၈၀၊ အမြင့် ၅၂ ပေ ခြောက်လက်မ၊ မျက်နှာတော် ၂၂ ပေ၊ နားရွက်တော် ၁၅ ပေ၊ မျက်လုံးတော် ၃ ဒသမ ၉၇ ပေ၊ မျက်ခုံးတော်၊ မျက်ရစ်တော်၊ နှာခေါင်းတော်၊ လည်တိုင်နှင့် နှုတ်ခမ်းတော်များသည် ၇ ဒသမ ၆ ပေစီရှိသည်။ ရုပ်ပွားတော်သည် ပခုံးမှ ခါးထိ၊ ခါးမှ ဒူးထိ၊ ဒူးမှ ခြေဖဝါးထိ ၄၇ ဒသမ ၆ ပေစီရှိကာ တံတောင်ဆစ်မှ လက်ထိပ်ဖျားထိ ၄၅ ပေ ရှိသည်။ လက်သန်းတော်တစ်ချောင်းတည်းပင်လျှင် ၁၀ ပေခန့်ရှည်လျားပြီး ခြေဖဝါး ၂၅ ပေ၊ ခြေမ ခြောက်ပေ၊ လက်ဖဝါး ၂၂ ပေရှိသည်။

ရွှေသာလျောင်းရုပ်ပွားတော်၏ အလှူရှင်သည် မွန်ဘုရင် မဂ္ဂဒီပဟု အစဉ်အဆက်လက်ခံထားကြသော်လည်း ဘုရင့်နောင်မင်းတရား၏ ကုသိုလ်တော်ဟု ယူဆမှုများလည်းရှိသည်။ လျောင်းတော်မူကိုယ်တော်ကြီးတွင် ဓာတ်တော်မွေတော်နှင့် ဘုရားဆင်းတုများစွာကို ဌာပနာခဲ့ပြီး နဖူးသင်းကျစ်တွင် ပတ္တမြားအစစ်ကို မြှုပ်နှံပူဇော်ခဲ့သည်။ သက်နှင်းတော်ကို ရွှေပိန်းချကာ ဘွဲ့တော်ကို နိဗ္ဗာန်ဆင်းတုဟု သမုတ်ခဲ့ကြောင်း "ဟံသာဝတီ(ပဲခူး)တစ်ခွင်မှ သမိုင်းဝင်လေ့လာစရာများစာအုပ်"တွင် ရေးသားဖော်ပြထားသည်။

**မြသာလျောင်း**

မြသာလျောင်းသည် ရွှေသာလျောင်းရုပ်ပွားတော်အနီးတွင်တည်ရှိပြီး ရွှေသာလျောင်းရုပ်ပွားတော်ထက် ပိုမိုကြီးမားသည်။

လက်ရှိ မြသာလျောင်းသည် မူလကုန်းတော်ဟောင်းပေါ်တွင် အသစ်ပြန်လည်ထုလုပ်ထားသည့် ရုပ်ပွားတော်ကြီးဖြစ်သည်။ မြသာလျောင်း၏ မူလဘွဲ့တော်သည် နောင်တော်ကြီးရုပ်ပွားတော်ဖြစ်ပြီး ရွှေသာလျောင်းရုပ်ပွားတော်၏ ခေါင်းရင်းဘက်တွင် တည်ရှိသည်။ ရွှေသာလျောင်းရုပ်ပွားတော်ထက်လည်း အရွယ်အစားပိုမိုကြီးမားသဖြင့် ရသေ့ကြီးဦးခန္တီက နောင်တော်ကြီးဟု ဘွဲ့မည်ပေးခဲ့သည်။

ရသေ့ကြီးဦးခန္တီသည် ပဲခူးတွင် သာသနိကအဆောက်အအုံများကို တည်ဆောက်လှူဒါန်းခဲ့ရာ ဟင်္သာကုန်းဘုရားနှင့် ဟင်္သာကုန်းမှ ရွှေမော်ဓောသို့ ဆက်သွယ်သည့်သံတန်ဆောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရသေ့ကြီးသည် သာသနာပြုလုပ်ငန်းများဆောင်ရွက်စဉ် ချုံနွယ်များလွှမ်းမိုးနေသည့် လျောင်းတော်မူကုန်းရိုးတန်းကိုတွေ့ရှိခဲ့ကာ ပြန်လည်ဖော်ထုတ်ပြုပြင်ခဲ့သည်။ လက်ရှိ မြသာလျောင်းရုပ်ပွားတော်ကြီး သီတင်းသုံးနေသည့် ကုန်းဟောင်းပရိဝုဏ်သည် မူလက အုတ်တံတိုင်းရှိခဲ့ဟန်တူကာ ပြိုပျက်ပြီး သစ်ပင်ချုံနွယ်များဖြင့် ပိတ်ဖုံးနေခဲ့သည်။ မြသာလျောင်းပရိဝုဏ်ဝင်ပေါက်သည် ဂဝံကျောက်တုံးကြီးများခံလျက် ရွှံ့မီးဖုတ်အုတ်များဖြင့် တံခါးပေါက်ပြုလုပ်ထားသဖြင့် ရှေးမွန်ယဉ်ကျေးမှုလက်ရာဟု ခန့်မှန်းကြသည်။

မြသာလျောင်းရုပ်ပွားတော်အနီးတွင် တွေ့ရှိရသည့်အုတ်ချပ်ဟောင်းများသည် မွန်ယဉ်ကျေးမှုအထောက်အထားများဖြစ်သဖြင့် ဓမ္မစေတီခေတ်လက်ရာဟု ယူဆမှုများလည်းရှိခဲ့သည်။ မြသာလျောင်းရုပ်ပွားတော်ကြီးကို ပြန်လည်ပြုပြင်ချိန်တွင် ရရှိခဲ့သည့် ဆင်းတုဟောင်းများ၊ အုတ်ချပ်များ၊ စဉ့်သုတ်အုတ်ကျိုးများကို မြသာလျောင်းပရိဝုဏ်အတွင်းရှိ တန်ဆောင်းတွင် ပြသထားသည်ကို လေ့လာနိုင်ကြပေသည်။

ဓမ္မစေတီမင်းကြီးသည် ကျိုက်ပွန်လေးမျက်နှာဘုရားကို တည်ထားခဲ့ပြီးနောက် ကျိုက်သလွန်ဟု ဘွဲ့မည်တွင်သော လျောင်းတော်မူရုပ်ပွားတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်ဟု မှတ်တမ်းတစ်ခုတွင် ဖတ်ရှုခဲ့ရကြောင်း "ဟံသာဝတီ (ပဲခူး)တစ်ခွင်မှ လေ့လာစရာများစာအုပ်"တွင် ဖော်ပြထားသည်။ ကျိုက်သလွန်ရုပ်ပွားတော်တည်ထားသည့်ကုန်းသည် ကျိုက်ပွန်လေးမျက်နှာဘုရားနှင့် မဝေးကွာသော်လည်း မြသာလျောင်းရုပ်ပွားတော်တည်လုပ်ခဲ့သည့် ကျောက်စာမှတ်တမ်းများကို မတွေ့ရှိရသေးသဖြင့် ဓမ္မစေတီမင်းကြီး၏ကောင်းမှုတော် ကျိုက်သလွန်သည် မြသာလျောင်း ခေါ် နောင်တော်ကြီး မူလရုပ်ပွားတော်ကြီး ဟုတ်၊ မဟုတ် တိကျစွာမဖော်ထုတ်နိုင်ပါသေးချေ။

**စိန်သာလျောင်း**

စိန်သာလျောင်းရုပ်ပွားတော်ကြီး သီတင်းသုံးရာနေရာသို့ ပဲခူးမြို့အထွက် ပဲခူး-သနပ်ပင်ကားလမ်း၏ လက်ယာဘက်လမ်းခွဲအတိုင်း သွားရောက်နိုင်သည်။ စိန်သာလျောင်းသည် ဓမ္မစေတီမင်းကြီးမတိုင်မီကပင် ရှိနေခဲ့သည့် ရုပ်ပွားတော်ကြီးဖြစ်သည်။ စိန်သာလျောင်းရုပ်ပွားတော်၏ မူလဘွဲ့တော်သည် ဗုဒ္ဓရူပဖြစ်ပြီး ဉာဏ်တော်အတောင် ၁၀၀ ရှိသည်။

ဟံသာဝတီပထမခေတ်တွင် မိဂဒိပ္ပအမည်ဖြင့် ဘုရင်နှစ်ပါးရှိခဲ့ရာ မိဂဒိပ္ပကြီးက ခရစ်နှစ် ၉၁၇ ခုနှစ်မှ ၉၃၂ ခုနှစ်ထိအုပ်ချုပ်ခဲ့ပြီး မိဂဒိပ္ပငယ်က ခရစ်နှစ် ၉၉၄ ခုနှစ်မှ ၁၀၀၄ ခုနှစ်ထိ အုပ်ချုပ်ခဲ့သည်။ စိန်သာလျောင်းရုပ်ပွားတော်ကြီးကို ဟံသာဝတီပထမခေတ် ၁၃ ဆက်မြောက် ဘုရင်မိဂဒိပ္ပငယ်က တည်ထားခဲ့သည်။ မူလက ရှင်ပင်ပေါင်းလုဟု ဘွဲ့မည်တွင်ခဲ့ပြီး ကလျာဏီကျောက်စာတွင် ပါဠိဘာသာဖြင့် မဟာဗုဒ္ဓရူပဟု ရေးထိုးခဲ့သည်။

ရှည်လျားသောသမိုင်းတစ်လျှောက် ထင်ရှားသော ရှေးဟောင်းအမွေအနှစ်များ များစွာကျန်ရှိခဲ့သည့် ပဲခူး ဥသာ ဟံသာဝတီရှိ လျောင်းတော်မူရုပ်ပွားတော်ကြီးသုံးဆူသည် လျှင်ဒဏ်၊ စစ်ဘေးစစ်ဒဏ်နှင့်မသမာသူများ၏ဒဏ်များကို အကြိမ်ကြိမ်ခံခဲ့ရသော်လည်း ယနေ့တိုင် ထင်ရှားစွာတည်ရှိနေပြီး ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကရုပ်ဝတ္ထုများအဖြစ်သာမက ရှေးဟောင်းအမွေအနှစ်များအဖြစ်ပါ ပြည်တွင်း၊ ပြည်ပခရီးသည်များ လာရောက်ဖူးမြော်လေ့လာလျက်ရှိနေပေသည်။

**မဟာစေတီသို့**

ပဲခူးမြို့တွင်ရှိသည့် စေတီများအနက် ဘုရင့်နောင်မင်းတရားတည်ခဲ့သည့် မဟာစေတီသည် ရွှေမော်ဓောစေတီပြီးလျှင် ဉာဏ်တော်အမြင့်ဆုံးနှင့် ထုထည်အကြီးဆုံးဖြစ်သည်။

ရွှေသာလျောင်းရုပ်ပွားတော်ကို ကျော်လွန်ပြီး ပဲခူးမြို့ အနောက်ဘက် မဇင်း(က)ရပ်ကွက်ရှိ မဟာစေတီကို ဖူးမြင်ကြရသည်။ စေတီတော်ပရိဝုဏ်သည် ဧက ၆၀ ကျယ်ဝန်းပြီး ဉာဏ်တော် ၃၃၃ ပေမြင့်၍ အဝန်းပေ ၁၅၀၀ ရှိသည့် မဟာစေတီကို စတုရန်းပုံ တံတိုင်းဖြင့် ကာရံထားသည်။ မဟာစေတီ၊ ရွှေမော်ဓောစေတီနှင့် ဟင်္သာကုန်းဘုရားတို့သည် မျဉ်းဖြောင့်တစ်တန်းတည်း တည်ရှိနေသည်။

မဟာစေတီကို သက္ကရာဇ် ၉၂၀ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကတည်ခဲ့ပုံကို မှန်နန်းရာဇဝင်တွင် အသေးစိတ်ရေးသားထားသည်။ ဘုရင့်နောင်မင်းတရားသည် ဗညားလော၊ ဗညားဒလ၊ ဗညားပရံ၊ ဗညားကျန်းထောဟူသည့် မွန်အမတ်ကြီးလေးပါး၊ သိရီဇေယျနော်ရထာ၊ သိရီဇေယျကျော်ထင်၊ နေမျိုးကျော်ထင်၊ နန္ဒကျော်ထင်ဟူသည့် မြန်မာအမတ်ကြီးလေးပါးတို့ကို စရိတ်ငွေ ၄၀၀ ပေးကာ စေတီတော်တည်မည့်နေရာတွင် မြေရှင်း၊ မြေညှိလုပ်ငန်းများ ပြုလုပ်စေခဲ့သည်။

စေတီတော်တည်ချိန်တွင် ဘုရင့်နောင်မင်းတရားသည် စေတီတော်နေရာ၏ အနောက်ဘက်တွင် နန်းပြာသာဒ် တည်ဆောက်စံမြန်း၍ ကိုယ်တော်တိုင်စီမံကွပ်ကဲခဲ့သည်။ သက္ကရာဇ် ၉၂၀ ခုနှစ် ဝါဆိုလဆန်း ၅ ရက် ကြာသပတေးနေ့တွင် စေတီတော်ဖိနပ်ရာကို စတင်တူးပြီး ထိုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်တွင် ရွှေအုတ်၊ ငွေအုတ်များစီကာ စေတီတော်ကို စတင်တည်ထားခဲ့သည်။ မဟာစေတီဝန်းကျင်တွင် ဇောတိကာရုံကျောင်းနှင့် အရံကျောင်း ၄၀ ကို ဆောက်လုပ်ခဲ့သည်။ (သက္ကရာဇ် ၉၂၆ ခုနှစ် နတ်တော်လတွင် အရပ်ရပ်မှ ပဲခူးသို့ခေါ်ဆောင်ထားခဲ့သော သုံ့ပန်းများက ပုန်ကန်ထကြွခဲ့ရာ မဟာစေတီအတွင်းရှိ ကျောင်းများနှင့် အရံကျောင်းများသည် မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည်။)

ထိုနှစ် နတ်တော်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့တွင် စေတီတော်၌ ဌာပနာရန် ဓာတ်တော်၊ မွေတော်များကို မင်းမျိုးများ၊ မင်းညီမင်းသားများက ပွဲသဘင်ကျင်းပကာ ရွှေနန်းတော်မှ မဟာစေတီတော်သို့ ပို့ဆောင်ခဲ့သည်။ ထိုနေ့တွင်ပင် ရာဇဒေဝီမိဖုရားသည် ရာဇဓာတုကလျာမင်းသမီးကို ဖွားမြင်ခဲ့ပြီး နောက်နှစ်ရက်အကြာတွင် ပထမဌာပနာပိတ်ပွဲကျင်းပခဲ့သည်။

မှန်နန်းရာဇဝင်တော်ကြီးအရ သရီရဓာတ်တော်ပေါင်း ၂၁၁၉၄ ဆူကို ပတ္တမြားစေတီတွင် ဦးစွာထည့်ပြီး ရွှေစေတီ၊ မိုးကြိုးစေတီ၊ ငွေစေတီ၊ ကြေးစေတီတို့ကို အထပ်ထပ်ငုံ၍ ဌာပနာခဲ့သည်။ မဟာစေတီတွင် စွယ်တော်ပွားတစ်ဆူနှင့် အခြားဓာတ်တော်ပေါင်း အဆူ ၆၃၃၈၀ ကို ရွှေကြုတ်၊ ငွေကြုတ်၊ မိုးကြိုးကြုတ်တို့တွင်ထည့်သွင်းပြီး ဌာပနာခဲ့သည်။ ထို့ပြင် အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦးတို့ကို ရွှေပေ၊ ငွေပေတွင်ရေး၍ ရွှေစာတောက်၊ ငွေစာတောက်များတွင် ထည့်သွင်းခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

❖ သာသနာနှစ် ၂၃၇ ခုနှစ်က တည်ထားခဲ့သည့် ရွှေမော်ဓောစေတီသည် မူလက ၂၇ တောင်သာမြင့်ခဲ့သော်လည်း ယခုအခါ ဉာဏ်တော် ၂၁၄ တောင်(၃၁၁ ပေ)ရှိသည်။ ရွှေမော်ဓောစေတီသည် ပဲခူးမြို့၏ ကျက်သရေဆောင်စေတီတော်ကြီးတစ်ဆူဖြစ်သကဲ့သို့ လျောင်းတော်မူသုံးဆူဖြစ်သည့် ရွှေသာလျောင်း၊ မြသာလျောင်းနှင့် စိန်သာလျောင်းတို့သည်လည်း ပဲခူးမြို့၏ ထင်ရှားသောကြည်ညိုဖွယ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများဖြစ်ကြသည်။ ❖

## ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

➤ စာမျက်နှာ ၄ မှအဆက်

မင်းတရားကြီး၏ရွှေရုပ်တုနှင့် ခမည်းတော်၊ မယ်တော်၊ မိဖုရား၊ သမီးတော်၊ သားတော်၊ မြေးတော်ရွှေရုပ်များကို ဌာပနအတွင်းထည့်သွင်းခဲ့သည်။ မဟာစေတီတော်၏ဌာပနာသွင်းပွဲကို သက္ကရာဇ် ၉၂၁ ခုနှစ် နတ်တော်လပြည့်ကျော်နှစ်ရက် (ခရစ်နှစ် ၁၅၅၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်) တွင် ကြီးမားသောပွဲသဘင်ခံကာ ကျင်းပခဲ့သည်။ ထိုမှစ၍ ငါးလအတွင်း ငါးကြိမ် စုစုပေါင်းဌာပနာခြောက်ကြိမ်ထည့်သွင်းပူဇော်ခဲ့ကာ သံတောင် ၁၀၀၊ အရပ်တော် ၁၅၀ ရှိသည့် မဟာစေတီကြီးကို တည်ခဲ့သည်။

သက္ကရာဇ် ၉၂၂ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်တွင် မဟာစေတီ ထီးတော်တင်ပွဲကျင်းပပြီး ဘုရင့်နောင်မင်းတရားသည် မိမိဆောင်းသည့် မကိုဋ်တော်ကို စေတီတော်သို့လှူဒါန်းခဲ့သည်။ စေတီတော်ကြီးရှေ့တွင် ဥယျာဉ်တော်ကြီးတစ်ခုတည်ဆောက်၍ တာဝတိံသာဟုအမည်ပေးခဲ့သည်။ ရွှေနန်းတော်ကိုဖျက်၍ မဟာစေတီတွင် ဇေတဝန်ကျောင်းကြီးလေးကျောင်းနှင့် အရံကျောင်း ၁၀၀ ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပြန်သည်။ ရွှေကျောင်းကြီးလေးကျောင်းတွင် ၅၅၀ ဇာတ်နိပါတ်များကို ရေးဆွဲပူဇော်စေသည်။ မဟာစေတီတံတိုင်းအတွင်း သုမေရုဇရပ်များဆောက်ကာ ရွှေချရန် ရွှေချိန် ၅၃ ပိဿာ ငါးကျပ်တစ်မတ်သား လှူဒါန်းခဲ့သည်။ စေတီတော်တည်ဆောက်စဉ်က စံမြန်းခဲ့သည့် ပြာသာဒ်သုံးဆောင်ကိုဖျက်ကာ ကျောင်းဆောက်လှူဒါန်းခဲ့သည်။ သက္ကရာဇ် ၉၂၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် မဟာစေတီတော်၏ထီးတော် ပြိုကျပျက်စီးခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီးသည် ပြိုကျသွားသည့်စေတီတော်ထီးတော်ကို ပြန်လည်တင်လှူနိုင်ရန် အမတ်ကြီးလေးဦးကို တာဝန်ပေးခဲ့သည်။ ထိုအမတ်ကြီးလေးဦးသည် ဘုရင့်နောင်မင်းတရား ဇင်းမယ်သို့ချီစဉ် မြို့စောင့်အဖြစ် ပဲခူးတွင်ကျန်နေရစ်ခဲ့ကာ မဟာစေတီကိုပြင်ဆင်ခဲ့ကြပြီး သုံးနှစ်အကြာ သက္ကရာဇ် ၉၂၈ ခုနှစ် တပို့တွဲလပြည့်ကျော်ငါးရက်(ခရစ်နှစ် ၁၅၆၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်)တွင် မင်္ဂလာထီးတော်အသစ်ကို တင်လှူခဲ့သည်။

သက္ကရာဇ် ၉၃၂ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားသည် မိမိ၏ ကိုယ်အလေးချိန် ၃၅ ပိဿာ ၃၀ ကျပ်သားနှင့်ညီမျှသောငွေကို မဟာစေတီသို့ ရွှေဖိုးအဖြစ် လှူခဲ့သည်။ သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် လှုပ်ခတ်သောငလျင်ကြောင့် ထီးတော်ထပ်မံပြိုကျခဲ့ပြီး သုံးနှစ်အကြာတွင် ဘုရင့်နောင်မင်းတရား နတ်ရွာစံခဲ့သည်။

ဘုရင့်နောင်မင်းတရား မရှိတော့သည့်နောက်ပိုင်းတွင် မင်းကြီး၏ အလှူတော်မဟာစေတီသည် လေးကြိမ်တိုင် ငလျင်ဒဏ်ခံခဲ့ရသဖြင့် သက္ကရာဇ် ၉၅၀ ပြည့်နှစ်တွင် ငါးဆူဒါယကာ နန္ဒမင်းကလည်းကောင်း၊ သက္ကရာဇ် ၉၇၇ ခုနှစ်တွင် အနောက်ဘက်လွန်မင်းကလည်းကောင်း၊ သက္ကရာဇ် ၉၉၅ ခုနှစ်တွင် သာလွန်မင်းကလည်းကောင်း၊ သက္ကရာဇ် ၁၀၅၉ ခုနှစ်တွင် နတ်ရှင်နောင်၏ဖခင် မင်းရဲကျော်ထင်ကလည်းကောင်း ပြုပြင်မွမ်းမံကာ ထီးတော်အသစ်များတင်လှူပေးခဲ့ကြောင်း မှတ်တမ်းကမ္ပည်းကို စေတီတော်ပရိဝုဏ်အတွင်းစိုက်ထူထားသည့် "ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး သမိုင်းကျဉ်းကျောက်စာ"တွင် ဖတ်ရှုနိုင်ပေသည်။

### တိမ်မြုပ်ခဲ့သည့်စေတီတော်

သက္ကရာဇ် ၁၁၉၂ ခုနှစ် ကဆုန်လဆန်း ၅ ရက်တွင် လှုပ်ခတ်ခဲ့သော ပဲခူးငလျင်ဒဏ်ကြောင့် မဟာစေတီသည် ခေါင်းလောင်းပုံအခြေမှစ၍ ပြိုလဲပျက်စီးခဲ့ရာ ပြင်ဆင်မည့်အလှူရှင်မရှိဘဲ နှစ် ၁၅၀ ကြာမြင့်ခဲ့ပြီး စေတီတော်ကြီးကို ချုံနွယ်များဖုံးအုပ်နေခဲ့သည်။ ၁၂၅၀ ပြည့်နှစ် ငလျင်တွင် မဟာစေတီ၏ ထူပစေတီလုံးကြီးပါ ထပ်မံပျက်စီးခဲ့ရပြီးသည့်နောက် မဟာစေတီသည် လူသူအရောက်အပေါက်နည်းကာ တိမ်မြုပ်သွားခဲ့သည်။

မဟာစေတီသည် သက္ကရာဇ် ၁၂၆၈ ခုနှစ်မှစတင်၍ ရန်ကုန်မြို့မှ ပွဲစားကြီး ဦးကုလား၊ ပဲခူးမြို့မှ ဦးလူဟောင်း၊ ဦးလူကြီး၊ ဦးဘိုးသက်၊ ဦးငယ်၊ ဦးထွန်းဝင်း စသောပုဂ္ဂိုလ်များ၏ကြိုးပမ်းမှုနှင့် ပဲခူးမြို့သူ၊ မြို့သားများ၏သဒ္ဓါတရားနှင့်လုပ်အားများကြောင့် ပြန်လည်ပွင့်လင်းစည်ပင်လာခဲ့ပြီး သက္ကရာဇ် ၁၃၄၀ ပြည့်နှစ်(ခရစ်နှစ် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်) ပြည်ထောင်စုနေ့တွင် ထီးတော်အသစ်ကို တင်လှူပူဇော်နိုင်ခဲ့ကြသည်။

ယခုအခါတွင် သမိုင်းဝင်မဟာစေတီသည် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြည့်ရှုလေ့ရှိသည့် ဟံသာဝတီပဲခူးမြို့၏ ခရီးသွားနေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင် ဘုရားဖူးပြည်သူများသည် မဟာစေတီသို့ နေ့စဉ် လာရောက်ဖူးမြော်လေ့ရှိသကဲ့သို့ ထိုင်းနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များလည်း မကြာခဏလာရောက်လေ့ရှိကြသည်။

မဟာစေတီတော်အဝင် ညာဘက်ခြမ်းတွင် ဘုရင့်နောင်မင်းတရားကြီး၏အောင်မြေကိုတွေ့ရှိရသည်။ ရန်သူအရပ်ရပ်ကိုအောင်နိုင်ခဲ့သည့်မြေအဖြစ် နှောင်းလူတို့က ထိန်းသိမ်းခဲ့ကြကာ "ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးအောင်မြေ"ဟူသည့်စာတမ်းကို မြန်မာ၊ အင်္ဂလိပ်၊ ထိုင်း ဘာသာများဖြင့် ရေးသားချိတ်ဆွဲထားသည်။ စေတီတော်ပရိဝုဏ်၏ အနောက်မြောက်ဘက်တွင် ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော ပုဂံရှိ အာနန္ဒာစေတီပုံစံ မဟာအာနန္ဒာဂဝံစေတီကို ဖူးမြင်နိုင်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၅၀ ကျော်ကတည်ထားခဲ့သည့် သမိုင်းဝင်မဟာစေတီသည် သဘာဝဘေးဒဏ်များနှင့် တိုင်းတစ်ပါးသားရန်သူများ၏ နှိပ်စက်ဖျက်ဆီးမှုများကို ခံခဲ့ရသည်။ သက္ကရာဇ် ၉၆၂ ခုနှစ်တွင် ဇေင်ကာသည် ငါးဆူဒါယကာ နန္ဒမင်းတင်လှူထားသည့် မဟာစေတီထီးတော်ကိုဖြုတ်ကာ သန်လျင်သို့ ယူဆောင်သွားခဲ့သည်။

သက္ကရာဇ် ၁၁၈၈ ခုနှစ်တွင် မဟာစေတီသို့ အနောက်ဘက်လွန်မင်းလှူဒါန်းခဲ့သည့် အလုပ်အကျွေးများမှဆင်းသက်လာသည့် မွန်၊ ရှမ်းနှင့်ယွန်းလူမျိုး ၃၀၀ ကျော်ကို သူပုန်ဗိုလ်ငစပ်ငယ်က သန်လျင်သို့ဖြားယောင်းခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် မဟာစေတီမှအလုပ်အကျွေးဟောင်းများအပါအဝင် လူ ၆၀၀ ကျော်သည် သန်လျင်မှ ပဲခူးသို့ လိုက်လာကြကာ မဟာစေတီထီးတော်မှ ရွှေငွေကျောက်မျက်ရတနာများကို ယူဆောင်သွားခဲ့ကြပြန်သည်။

(ဆက်လက်ဖော်ပြပါမည်။)

## စောင့်ကြိုလျက်ပါ

\- တပ်မတော်မှတစ်ပါး
ယုံစားဖို့ ခက်လှတာ
တိုင်းပြည့်ကြမ္မာ၊
ငြိမ်းချမ်းရေး ဦးဆောင်ကာ
အဖြေရှာ သွေးစကား၊
လက်တွဲကာ ညီနောင်များ
ညီညွတ်စွာ သဘောထား
အင်န်စီအေ ပေါ်ထင်ရှား
လမ်းဖွင့်စောင့်စား။

\- အချို့က စွာတာတာ
မှောင်ရိပ်မှာ အမြင်မှောက်
လမ်းပျောက်နေရှာ၊
ပြည်သူက စိတ်ရှည်စွာ
မငြိုပါ မေတ္တာကဲ၊
နေခြည်မှာ စောင့်ကြိုဆဲ
ဖေးကူကာ လက်ကိုတွဲ
နွေးထွေးစွာ လိုက်လိုက်လှဲ
ဝမ်းသာအယ်လဲ။ ။

**ကျော်စောဟန်**

အင်န်စီအေ = တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)

## မိုင်းတုံမြို့နယ် နားကောင်းမှူး(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မတ် ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကောင်းမှူး (ရွာသစ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက နားကောင်းမှူး(ရွာသစ်) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားကောင်းမှူး(ရွာသစ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၀ ဦးကို ငွေကျပ် ၃၁၅ သိန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်စိုင်**



# နိုင်ငံတကာ သတင်းများ

## ရုရှားနှင့်နေတိုး စစ်ရေးပဋိပက္ခဖြစ်ပါက တတိယကမ္ဘာစစ်နှင့်နီးနိုင်ကြောင်း သမ္မတပူတင်ပြော



**မော်စကို မတ် ၁၉**

ရုရှားနှင့် အမေရိကန်နိုင်ငံဦးဆောင်သော မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အုပ်စုတို့ကြား စစ်ရေးပဋိပက္ခ တိုက်ရိုက်ဖြစ်ပွားခဲ့ပါက ကမ္ဘာကြီးအနေဖြင့် တတိယကမ္ဘာစစ်နှင့် ရင်ဆိုင်ရမည့်အရေး ခြေတစ်လှမ်းပိုမိုနီးလာပြီဖြစ်ကြောင်း ရုရှားသမ္မတပူတင်က မတ် ၁၈ ရက်တွင် သတိပေးပြောကြားခဲ့သည်။

သို့ရာတွင် ရုရှားနှင့် နေတိုးတို့ကြား တိုက်ရိုက် စစ်ရေးပဋိပက္ခကြောင့် တတိယကမ္ဘာစစ်ဖြစ်လာနိုင်မည့်အရေးကို မည်သူကမျှ ဆန္ဒရှိလိမ့်မည်မဟုတ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယူကရိန်းစစ်ရေးပဋိပက္ခကြောင့် ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများအကြား ဆက်ဆံရေးမှာ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည်အရေးခင်းနောက်ပိုင်း အဆိုးဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့ကြား ဆက်ဆံရေးဆိုးရွားနေမှုကြောင့် ချူကလီးယားစစ်ပွဲဖြစ်ပွားနိုင်မည့်အန္တရာယ်ရှိကြောင်း သမ္မတပူတင်က မကြာခဏသတိပေးလေ့ရှိသည်။

အကယ်၍ ရုရှားနှင့် နေတိုးအုပ်စုတို့ကြား တိုက်ရိုက်စစ်ရေးပဋိပက္ခရှိလာမည်ဆိုပါက ကမ္ဘာကြီးအနေဖြင့် တတိယကမ္ဘာစစ်ဆီသို့ ခြေတစ်လှမ်း နီးလာလိမ့်မည်ဖြစ်ကြောင်း သမ္မတပူတင်ကပြောကြားခဲ့သည်။

သို့ရာတွင် ရုရှားနှင့် နေတိုးတို့၏ စစ်ရေးပဋိပက္ခကြောင့် တတိယကမ္ဘာစစ်ဖြစ်ရမည့်အရေးကို မည်သူကမျှ စိတ်ဝင်စားလိမ့်မည်မဟုတ်သည်ကို မိမိနားလည်ထားကြောင်း ရုရှားသမ္မတရွေးကောက်ပွဲ အနိုင်ရပြီးနောက် သမ္မတပူတင်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ယခုနှစ်မေလအတွင်း ရုရှားသမ္မတပူတင် တရုတ်နိုင်ငံသို့ သွားရောက်ဖွယ်ရှိ

**မော်စကို မတ် ၁၉**

ရုရှားသမ္မတ ပူတင်သည် ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ရုရှားနှင့်တရုတ်အစိုးရသတင်းအရင်းအမြစ်များက ယနေ့တွင် ပြောကြားထားသည်။

ယင်းသတင်းမှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ပါက တရုတ်ခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် ယခုနှစ်သမ္မတရွေးကောက်ပွဲအနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

ရုရှားသမ္မတပူတင်အနေဖြင့် ယခုနှစ် မေလဒုတိယလဝက်ကာလအတွင်းတရုတ်နိုင်ငံသို့ သွားရောက်နိုင်ကြောင်း သတင်းအရင်းအမြစ်များ၏အဆိုအရ သိရသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် သမ္မတပူတင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ပေကျင်းခရီးစဉ်အတွင်း အကန့်အသတ်မဲ့မိတ်ဖက်ဆက်ဆံရေးတည်ဆောက်မှုကြေညာထားသောနိုင်ငံများဖြစ်ကြသည်။

သို့သော် သမ္မတ ပူတင်၏ တရုတ်နိုင်ငံခရီးစဉ် သတင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

အသက် ၇၁ နှစ်အရွယ် ရုရှားသမ္မတပူတင်သည် မတ် ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပခဲ့သည့် ရုရှားသမ္မတရွေးကောက်ပွဲ၌ ဆိုဗီယက်ခေတ်အလွန် ရုရှားနိုင်ငံသမိုင်းတစ်လျှောက် အမြင့်ဆုံးထောက်ခံမဲရာနှုန်းဖြင့် အနိုင်ရရှိထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## စင်ကာပူနိုင်ငံရှိ လောင်းကစားဝိုင်းများကိုဝေးဝေးရှောင်ရန် တရုတ်သံရုံးက နိုင်ငံသားများကို တိုက်တွန်းထား



**စင်ကာပူ မတ် ၁၉**

စင်ကာပူနိုင်ငံရောက် တရုတ်နိုင်ငံသားများအနေဖြင့် လောင်းကစားဝိုင်းပုံစံမှန်သမျှနှင့်ကင်းကင်းလွတ်လွတ်နေကြရန် စင်ကာပူနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မတ် ၁၈ ရက်တွင် တိုက်တွန်းထားကြောင်း သိရသည်။

ပင်လယ်ရပ်ခြား နိုင်ငံများ၌ လောင်းကစားမှု ပြုလုပ်ခြင်းသည် တရုတ်နိုင်ငံ၏ ဥပဒေများကို ချိုးဖောက်ရာ ရောက်ကြောင်း တရုတ်သံရုံးကြေညာချက်၌ ဖော်ပြထားသည်။

စင်ကာပူနိုင်ငံရောက် တရုတ်နိုင်ငံသားများအနေဖြင့် ဥပဒေရေးရာဗဟုသုတများ မြှင့်တင်၍ လောင်းကစားဝိုင်းများနှင့်ဝေးဝေးနေကြရန် တရုတ်သံရုံးကြေညာချက်တွင် တိုက်တွန်းထားသည်။

ပင်လယ်ရပ်ခြား နိုင်ငံများရှိ ကာဆီနိုလောင်းကစားရုံများအနေဖြင့် တရားဝင်ဖွင့်လှစ်ထားကြခြင်းဖြစ်သည့်တိုင် ပင်လယ်ရပ်ခြား၌ တရုတ်နိုင်ငံသားများလောင်းကစားပြုလုပ်မှုကို တရုတ်နိုင်ငံ၏ ဥပဒေများအား ချိုးဖောက်ရာရောက်နိုင်သည်ဟု တရုတ်သံရုံးကြေညာချက်၌ သတိပေးထားသည်။

တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော်လောင်းကစားမှုများ၊ပင်လယ်ရပ်ခြား လောင်းကစားမှုများနှင့် အွန်လိုင်း လောင်းကစားလုပ်ငန်းများကို အင်တိုက်အားတိုက်နှိမ်နင်းလျက်ရှိသည်။

ထို့ပြင် တောင်ကိုရီးယားနှင့် သီရိလင်္ကာနိုင်ငံတို့ရှိ တရုတ်သံရုံးများကလည်း လောင်းကစားဝိုင်းများကို ဝေးဝေးရှောင်ရေးအတွက် တရုတ်နိုင်ငံသားများကို သတိပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် အမြောက်ပစ်လေ့ကျင့်မှုကို ကိုယ်တိုင်ကြီးကြပ်

**ပြုံယမ်း မတ် ၁၉**

မြောက်ကိုရီးယား အနောက်ပိုင်းဒေသ၌ အမြောက်တပ်များ ပြုလုပ်ခဲ့သော အမြောက်ပစ်လေ့ကျင့်မှုများကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်ကိုယ်တိုင်ကြီးကြပ်ခဲ့ကြောင်း မတ် ၁၈ ရက်သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယား အမြောက်တပ်များ၏ စစ်ရေးလေ့ကျင့်မှုတွင် အသစ်တပ်ဆင်ထားသည့် အရွယ်အစားကြီးမားသော ဒုံးပစ်လောင်ချာစနစ်များလည်း ပါဝင်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယား အမြောက်တပ်သည် ၆၀၀ မီလီမီတာ ဒုံးပစ်လောင်ချာ ပစ်ခတ်လေ့ကျင့်မှုနှင့် အမြောက်ပစ်ခတ်လေ့ကျင့်မှုများကို မတ် ၁၈ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ၆၀၀ မီလီမီတာ ဒုံးပစ်လောင်ချာစနစ်များ၏ လက်တွေ့စစ်စွမ်းရည်များကို စမ်းသပ်ရန် ပြုလုပ်ခဲ့သည့် အမြောက်တပ်ပစ်ခတ်လေ့ကျင့်မှုကို ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် မတ် ၁၈ရက်တွင် တာတိုပစ်ဒုံးကျည် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်ဟု တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အမြောက်တပ်များခေတ်မီရေးနှင့် အင်အားတောင့်တင်းရေးတို့သည်စစ်ပွဲတစ်ပွဲအတွက် ပြင်ဆင်ရာတွင် မဟာဗျူဟာမြောက်တာဝန်များဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အမြောက်တပ်ဖွဲ့ဝင်များကို ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂါဇာကမ်းမြောင်ဒေသ အယ်လ်ရှီဖာဆေးရုံကို အစ္စရေးအထူးတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းတိုက်ခိုက်



**ဂျေရုဆလင် မတ် ၁၉**

ဂါဇာကမ်းမြောင် ဒေသ အယ်လ်ရှီဖာဆေးရုံကို အစ္စရေးအထူးတပ်ဖွဲ့ဝင်များက မတ် ၁၈ ရက်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အယ်လ်ရှီဖာဆေးရုံ စီးနင်းတိုက်ခိုက်မှုအတွင်း ဟားမတ်စ်အုပ်စုဝင်ဦးရေ ၂၀ ကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ပြီးအကြမ်းဖက်သမားအဖြစ် ယူဆရသူများကို ဖမ်းဆီးထားကြောင်း အစ္စရေးစစ်ဘက်၏ အဆိုအရ သိရသည်။

အစ္စရေး အထူးတပ်ဖွဲ့ဝင်များသည် ခြေလျင်တပ်များ၊ တင့်ကားများ၏အကူအညီဖြင့် အယ်လ်ရှီဖာဆေးရုံကို စီးနင်းခဲ့ကြခြင်းဖြစ်သည်။

အစ္စရေးတပ်များ စီးနင်းစဉ်အတွင်း အယ်လ်ရှီဖာဆေးရုံဝင်းအတွင်း၌ အရပ်သားများသေဆုံးခဲ့ရပြီး ဆေးရုံအဆောက်အအုံတစ်လုံးမီးလောင်ခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးတာဝန်ရှိသူများက ပြောကြားထားသည်။

အယ်လ်ရှီဖာ ဆေးရုံသည် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြားစစ်မဖြစ်မီက ဂါဇာဒေသ၏ အကြီးဆုံးဆေးရုံဖြစ်သည်။


သို့သော် လက်ရှိအချိန်တွင် အယ်လ်ရှီဖာဆေးရုံမှာ တစ်စိတ်တစ်ပိုင်းသာလုပ်ငန်းလည်ပတ်နိုင်ပြီး အရပ်သားဒုက္ခသည်များစွာကိုလည်း လက်ခံ၍ နေရာပေးထားရကြောင်း သိရသည်။

Ref : RT
Trs : KKO

STOP AIDS

# SCIENCE AND TECHNOLOGY

## စကြဝဠာအတွင်းရှိ မဟာအာကာသတွင်းနက်ကြီးများ၏ ပထမဆုံးမြေပုံကို နိုင်ငံတကာ နက္ခတ္တရူပဗေဒ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရေးဆွဲထားနိုင်



**ဝါရှင်တန် မတ် ၁၉**

စကြဝဠာအတွင်းရှိ မဟာအာကာသ တွင်းနက်ကြီးများ၏ ပထမဆုံးမြေပုံကို နိုင်ငံတကာ နက္ခတ္တရူပဗေဒသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရေးဆွဲထားနိုင်ကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

သိပ္ပံပညာရှင်များ၏ မြေပုံတွင် သက်ဝင်လှုပ်ရှားနေသည့် မဟာအာကာသတွင်းနက် ၁ ဒသမ ၃ သန်းခန့်တို့၏ တည်နေရာများကို ဖော်ပြထားနိုင်ကြောင်း သိရသည်။

၎င်းမဟာအာကာသတွင်းနက်များအနက် အဝေးဆုံးမဟာအာကာသတွင်းနက်မှာစကြဝဠာ၏ သက်တမ်း ၁ ဒသမ ၅ ဘီလီယံခန့် ရှိချိန်တွင် ပေါ်ထွက်လာသည့် မဟာအာကာသ တွင်းနက်များဖြစ်ကြောင်း သိရသည်။

စကြဝဠာအတွင်းရှိ မဟာအာကာသတွင်းနက်များ၏ မြေပုံကို အမေရိကန် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များက ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုကိုအသုံးပြု၍ စကြဝဠာအတွင်းရှိ မဟာအာကာသတွင်းနက်ကြီးများကို မြေပုံရေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုင်ယာဂြိုဟ်တုသည် နဂါးငွေ့တန်းကြယ်စုအတွင်းရှိကြယ်များကို လေ့လာနေသည့် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက မတ် ၁၈ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၂ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် မတ် ၁၈ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၂ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အထက်ပါ စတားလင့်ခ်ဂြိုဟ်တုသစ်များကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

မတ် ၁၈ ရက် မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ယခုနှစ်အတွက် ၂၆ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်း ၆၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အမေရိကန်အာကာသဓာတ်ပုံဆရာများက P12/Pons-Brooks ကြယ်တံခွန်ကို အနီးကပ်ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၉**

အမေရိကန် အာကာသဓာတ်ပုံဆရာများသည် P12/Pons-Brooks အမည်ရှိ ကြယ်တံခွန်ကို အနီးကပ်ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ကြောင်း မတ် ၁၈ ရက်သတင်းများအရ သိရသည်။



အမေရိကန် အာကာသဓာတ်ပုံဆရာများ ရိုက်ကူးခဲ့သည့်ဓာတ်ပုံများထဲတွင် Pons-Brooks ကြယ်တံခွန်ကို အနီရောင်၊ အစိမ်းရောင်နှင့် အပြာရောင်ဓာတ်ငွေ့များ ဖြာထွက်နေသည့် ရောမရေခဲဘောလုံးကြီးတစ်ခုအသွင် တွေ့ရမည်ဖြစ်ကြောင်း သိရသည်။

Pons-Brooks ကြယ်တံခွန်သည် အရွယ်အစားအားဖြင့် ၁၀ ဒသမ ၅ မိုင်ရှိပြီး မီးတောင်တစ်လုံးကဲ့သို့ ပေါက်ကွဲမှုများဖြစ်ပွားတတ်ကြောင်း သိရသည်။

Pons-Brooks ကြယ်တံခွန်သည် နေကို ၇၁ နှစ်လျှင်တစ်ပတ်ကျ လှည့်ပတ်နေသောကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားများအနေဖြင့် Pons-Brooks ကြယ်တံခွန်ကို နှစ် ၇၀ လျှင်တစ်ကြိမ်ကျ တွေ့မြင်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပန်းသေပန်းညှိုးရောဂါကုဆေး Viagra က အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၁၉**

အမျိုးသား ပန်းသေပန်းညှိုးရောဂါဆေးဝါးဖြစ်သည့် ဗိုင်အာဂရာ (Viagra) သည် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရပန်းသေပန်းညှိုးရောဂါကြောင့် ဗိုင်အာဂရာဆေး သုံးစွဲနေကြသူများကြား အယ်ဇိုင်းမားရောဂါဖြစ်ပွားနှုန်းသည် အထက်ပါဆေးသုံးစွဲခြင်း မရှိသူများကြား ဖြစ်ပွားနှုန်းထက် ၃၀ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်းထိ ပိုနည်းပါးကြောင်း သိရသည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်အရ ဗိုင်အာဂရာဆေးများတွင် ပါဝင်သော Sildenafil ဓာတုပစ္စည်းသည် အယ်ဇိုင်းမားရောဂါလူနာများ၏ ဦးနှောက်အတွင်း Tau ခေါ် ပရိုတင်းတစ်မျိုးစုစည်းမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အယ်ဇိုင်းမားရောဂါသည် တဖြည်းဖြည်း ဆိုးရွားပြင်းထန်လာတတ်သည့် ဦးနှောက်ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါဆိုးလာချိန်တွင်လူနာများ၏ ဦးနှောက်အတွင်း Tau ပရိုတင်းစုစည်းမှုအဆင့် မြင့်တက်လာတတ်ကြောင်း သိရသည်။

ဗိုင်အာဂရာဆေးများကို အယ်ဇိုင်းမားကုထုံးအဖြစ် အသုံးပြုရန် ဖြစ်၊ မဖြစ် အတည်ပြုနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မှုများ ဆက်လက် ပြုလုပ်ရန်လိုကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အယ်ဇိုင်းမားရောဂါကို ပျောက်ကင်းသည်ထိ ကုသပေးနိုင်သည့် ကုထုံးမျိုးမရှိဘဲ ရောဂါလက္ခဏာလျှော့ချပေးနိုင်သည့် ကုထုံးများသာရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တစ်ပတ်လျှင်တစ်ကြိမ် အလေးမလေ့ကျင့်ခြင်းဖြင့် ကြွက်သားအရွယ်အစားနှင့်သန်မာမှုကိုထိန်းထားနိုင်

**နယူးယောက် မတ် ၁၉**

အသက် ၂၀ နှင့် ၃၅ နှစ်ကြားရှိသူများအနေဖြင့် သီတင်းတစ်ပတ်လျှင်တစ်ကြိမ်မျှ အလေးမလေ့ကျင့်ခြင်းဖြင့် ကြွက်သားအရွယ်အစားနှင့် သန်မာမှုကိုထိန်းထားနိုင်ကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၂၀ နှင့် ၃၅ နှစ်ကြားရှိသူများအနေဖြင့် ကြွက်သားအရွယ်အစားနှင့် သန်မာမှုကို ထိန်းထားနိုင်ရေးအတွက် နေ့စဉ်အားကစားရုံသွားရန် မလိုဘဲ သီတင်းတစ်ပတ်လျှင် ထိရောက်သည့် အလေးမ လေ့ကျင့်မှုများ တစ်နာရီကြာ ပြုလုပ်ရန်သာလိုကြောင်း သိရသည်။

ကြွက်သားများကျုံ့ဝင်လာမှုနှင့် အားနည်းလာမှုတို့ကို တားဆီးရေးအတွက် လူငယ်များအနေဖြင့် ထိရောက်မှုအမြင့်မားဆုံးလေ့ကျင့်ခန်းမျိုးကိုသာ သီတင်းတစ်ပတ်လျှင် တစ်ကြိမ်လုပ်ရန်လိုကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အသက် ၃၅ နှစ်အထက်ရှိသူများအနေဖြင့်မူ ကြွက်သားအရွယ်အစားနှင့် ကြွက်သားတင်းအားတို့ကို ထိန်းထားနိုင်ရေးအတွက် သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်ထိ အလေးမလေ့ကျင့်ရန် သာလိုသည်ဟု သုတေ သနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကျင်းပ



**နေပြည်တော် မတ် ၁၉**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၃)တို့တွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံး ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃)တွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မတ် ၂၀ ရက် ညနေ ၃နာရီတွင် ဆက်လက်ကစားသွားမည်ဖြစ်ပြီးလေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် မကွေးတိုင်းဒေသကြီးအသင်းနှင့်ကချင်ပြည်နယ်အသင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃)တွင် မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

# ဥရုဂွေးအသင်းက ဒါဝင်နူနက်ကို ဒဏ်ရာကြောင့် အသင်းလူစာရင်းမှ ထုတ်ပယ်


**မွန်တီဗီဒီယို မတ် ၁၉**

ဥရုဂွေးအသင်း တိုက်စစ်မှူး ဒါဝင်နူနက်သည် နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း အိုင်ဗရီကို့စ်၊ မက္ကဆီကိုအသင်းတို့နှင့်ကစားမည့် ခြေစမ်းပွဲစဉ်များတွင် နည်းပြ ဘီရယ်ဆာ၏ လူစာရင်းတွင် ရွေးချယ်ခံခဲ့ရသော်လည်း ယခုအခါ တံကောက်ကြော ဒဏ်ရာရရှိခဲ့သဖြင့် အသင်းလူစာရင်းမှ ထုတ်ပယ်ခံခဲ့ရသည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့်တနင်္ဂနွေက မန်ယူအသင်းနှင့်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင်အသင်းအနေဖြင့် မန်ယူအသင်းကို အချိန်ပိုတွင် လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းမှ ဒါဝင်နူနက်အပါအဝင် ဒီယက်ဂိုနှင့်ဂတ်ပိုတို့လည်း ဒဏ်ရာအသီးသီးရရှိခဲ့ကြပြီး ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း ရက်သတ္တပတ်ခန့် အနားယူရမည် ဖြစ်သောကြောင့် ဥရုဂွေးနည်းပြ ဘီရယ်ဆာက ဒါဝင်နူနက်ကို အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်ပြီး ဒီယက်ဂိုနှင့် ဂတ်ပိုတို့ကို သက်ဆိုင်ရာ ကလပ်အသင်းများက ခေါ်ယူခဲ့ကြောင်း သိရသည်။

ဒါဝင်နူနက်သည် နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း လီဗာပူးအသင်းနှင့်ရှိနေမည်ဖြစ်ပြီးလာမည့် မတ် ၃၁ ရက်တွင် ကစားရမည့် ဘရိုက်တန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ရန် နည်းပြကလော့ပ်က မျှော်လင့်ထားသည်။



ထို့ပြင် ဘရိုက်တန်နှင့်ပွဲစဉ်တွင် ဒဏ်ရာကြောင့် အနားယူနေရသည့် ကာတစ်ဂျုန်းလည်း ပြန်လည်ပါဝင်နိုင်မည်ဖြစ်သကဲ့သို့ ဂျိုတာ၊ အာနိုးနှင့် အယ်လစ်ဆန်တို့သည်လည်း ဒဏ်ရာတိုးတက်မှုရှိလာသောကြောင့် မကြာမီအသင်းနှင့် ပူးပေါင်းနိုင်မည် ဖြစ်ကြောင်း နည်းပြကလော့ပ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# မန်ယူအသင်းမှအငှားခေါ်ယူထားသည့်ဆန်ချိုကို ဒေါ့မွန်အသင်း အပြီးသတ်ခေါ်ယူရန်ပြင်ဆင်

**ဘာလင် မတ် ၁၉**

ဒေါ့မွန်အသင်းက မန်ယူအသင်းမှ ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား ဆန်ချိုကို ရာသီအကုန်တွင် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ကမ်းလှမ်းရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဆန်ချိုသည် ဒေါ့မွန်အသင်းတွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ခုနှစ်ထိကစားခဲ့ပြီး ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၈၅သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဆန်ချိုသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒေါ့မွန်အသင်းတွင် ကစားစဉ်ကကဲ့သို့ ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ရှန်းကန်ခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီအစပိုင်းက မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြတန်ဟတ်နှင့် ဆက်ဆံရေးမပြေလည်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒေါ့မွန်အသင်းသည် အစောပိုင်းက ဆန်ချိုကို အပြီးသတ်ခေါ်ယူရန် အစီအစဉ်မရှိခဲ့သော်လည်းနောက်ပိုင်းပွဲစဉ်များတွင် ဆန်ချိုအနေဖြင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိသည့်အတွက် ရာသီအကုန်တွင် ယူရို ၃၅သန်းဖြင့် အပြီးသတ်ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆန်ချို ကိုယ်တိုင်ကလည်း နည်းပြတန်ဟတ်နှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် အငှားစာချုပ်ကုန်ဆုံးလျှင်လည်း မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရန် အစီအစဉ်မရှိသည့်အတွက် မန်ယူအသင်းက ရာသီအကုန်တွင် ဆန်ချိုကို အပြီးသတ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# Miami Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း အမ်မာရာဒူကာနူ ပြောကြား

**လန်ဒန် မတ် ၁၉**

ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူသည် ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပမည့် Miami Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

အမ်မာရာဒူကာနူသည် နောက်ကျောဒဏ်ရာ ပြဿနာကြောင့် အနားယူရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့၍ ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ်ဇယားမဲခွဲမှုအရ ပထမအဆင့်တွင် အမ်မာရာဒူကာနူသည် တရုတ်တင်းနစ်မယ် ဝမ်ဇီယူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့သည့်အတွက် ၎င်း၏နေရာတွင် အမေရိကန်တင်းနစ်မယ်ဘက်တစ်တီနှင့် အစားထိုးလိုက်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက သတင်းထုတ်ပြန်ခဲ့သည်။

အမ်မာရာဒူကာနူက "မီယာမီကမ်းခြေဟာ ကျွန်မနှစ်သက်တဲ့ နေရာတစ်ခုဖြစ်သလို Miami Open တင်းနစ်ပြိုင်ပွဲဟာ ကျွန်မနှစ်သက်တဲ့ ပြိုင်ပွဲတစ်ရပ်လဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲအတွက် ကျွန်မအများကြီး ပြင်ဆင်ထားပါတယ်။ သေချာပြင်ဆင်ပြီးခါကျမှ အခုလို ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်လိုက်ရတာ စိတ်မကောင်းဖြစ်မိပါတယ်။ စိတ်ဓာတ်ကျပေမဲ့ ဒဏ်ရာကိုအမြန်ဆုံးကုသပြီး ပြိုင်ပွဲထဲ အမြန်ဆုံးပြန်ဝင်လာနိုင်အောင်ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# Soccer Aid 2024 ရန်ပုံငွေပွဲစဉ်တွင် ချဲလ်ဆီးကစားသမားဟောင်း ဟာဇက် Soccer Aid အသင်း၌ ပါဝင်ကစားမည်

**လန်ဒန် မတ် ၁၉**

UNICEF၏ ရန်ပုံငွေပွဲစဉ်အဖြစ်ကစားမည့် Soccer Aid 2024ရန်ပုံငွေပွဲစဉ်တွင် ချဲလ်ဆီးအသင်း ကစားသမားဟောင်း ဟာဇက်က Soccer Aidအသင်းတွင် ပါဝင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဟာဇက်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ချဲလ်ဆီးအသင်းနှင့်အတူအောင်မြင်မှုများစွာရယူနိုင်ခဲ့ပြီး ကမ္ဘာ့ထိပ်တန်းတောင်ပံကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟာဇက်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ချဲလ်ဆီးအသင်းတွင်၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိကစားခဲ့ပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၃၅၂ပွဲထိ ကစားခဲ့ကာ သွင်းဂိုး ၁၁၀ ထိ သွင်းယူနိုင်ခဲ့ပြီး အသင်းဂန္ထဝင်ကစားသမားတစ်ဦး အဖြစ်ပင် သတ်မှတ်ခံထားရသူ ဖြစ်သည်။

ဟာဇက်သည် ချဲလ်ဆီးအသင်းတွင် ခုနစ်ရာသီကြာ ကစားခဲ့ပြီး ပရီးမီးယားလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ယူရိုပါလိဂ်ဖလားနှစ်ကြိမ်နှင့်ကွာရာဘောင်းဖလားတစ်ကြိမ် စုစုပေါင်းဆုဖလားခြောက်ကြိမ်ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုနှင့် သွင်းဂိုးအများဆုံး ကစားသမားဆုစသည့် တစ်ဦးချင်းဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒူးဒဏ်ရာ၊ ခြေချင်းဝတ်ဒဏ်ရာများမကြာခဏရရှိခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် ဇွန်လက ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူခဲ့ခြင်းဖြစ်သည်။

Soccer Aid 2024ရန်ပုံငွေပွဲစဉ်အဖြစ် လာမည့် ဇွန် ၆ရက်တွင် ချဲလ်ဆီးအသင်း၏အိမ်ကွင်းတွင် Soccer Aid အသင်းနှင့် အင်္ဂလန် ဂန္ထဝင်အသင်းတို့ကစားကြမည်ဖြစ်ကာ နည်းပြများအဖြစ် အင်္ဂလန်ဂန္ထဝင်အသင်းကို လမ်းပတ်က တာဝန်ယူသွားမည်ဖြစ်ပြီး Soccer Aidအသင်းကို လက်ရှိချဲလ်ဆီးအသင်းနည်းပြ ပိုချက်တီနိုက တာဝန်ယူကိုင်တွယ်သွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# သမိုင်းစဉ်ဆက်တာဝန်ကျေပွန်လျက်ရှိသော တပ်မတော်

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်၌ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခု တော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ "ဗမာ့ရန်သူကိုချေမှုန်းကြ၊ အနီးကပ်ဆုံး ရန်သူကိုရှာပြီးတိုက်ကြ"ဟု အလေးအနက်ထားပြောကြားခဲ့သည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝရထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်လက်တွဲပြီးဆင်နွှဲခဲ့သည်။

ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲခဲ့သောနေ့ဖြစ်သည့် မတ် ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိချိန်တွင် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များပါဝင်သော တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပလေ့ရှိသည်။ ထိုမှန်မြတ်သောအစဉ်အလာများနှင့်အညီ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်ဆိုလျှင် ပြည်ထောင်စုတပ်မတော်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည့် (၇၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကြီး ကျင်းပတော့မည်ဖြစ်သည်။

**ခိုင်မာသောသမိုင်းကြောင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အနော်ရထာ၊ ဘုရင့်နောင်နှင့်အလောင်းမင်းတရားတို့လက်ထက်တွင် ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် သုံးကြိမ်တိုင်တိုင်စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် ခံ့ညားထည်ဝါစွာ တည်ထောင်နိုင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း စည်းလုံးညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် တိုင်းပြည်၏ အဓိကကာကွယ်ရေးအင်အားဖြစ်သော စစ်အင်အားချည့်နဲ့လာပြီး အဘက်ဘက်မှခေတ်နောက်ကျမှုအကျိုးဆက်ကြောင့် တိုင်းပြည်၏အချုပ်အခြာအာဏာကို ကိုလိုနီနယ်ချဲ့တို့၏လက်ဝယ်သို့ ဝကွက်အပ်ခဲ့ရသည်။

ထို့နောက် တိုင်းရင်းသားများကြား မျိုးချစ်စိတ်ဓာတ် နိုးကြားရှင်သန်လာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့် လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။ ထိုစဉ်က တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကိုဆင်းရဲပင်ပန်းကြမ်းတမ်းစွာသင်ယူခဲ့ရသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာပေးဆပ်တိုက်ခိုက်သွားမည်ဟုသစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ခဲ့ကြသည်။ ထိုနေ့၌ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

ထို့နောက် ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)၊ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော် (BNA)နှင့် မျိုးချစ်ဗမာ့တပ်မတော်(PBF) ဟူ၍ အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းလာခဲ့သည်။ ထို့နောက် မျိုးချစ်ဗမာ့တပ်မတော်သည် တိုင်းပြည်လွတ်လပ်ရေးရရှိသည်ထိ တိုက်ပွဲဝင်ခဲ့သည်။

**ပြည်တွင်းသောင်းကျန်းသူများနှိမ်နင်းခဲ့ရ**

ဆိုရလျှင် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်၊ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ပြည်တွင်းရောင်စုံသောင်းကျန်းသူများက နေရာဒေသအသီးသီးကို သိမ်းပိုက်ထားခဲ့သည်။ ထိုစဉ်က အာဏာရဖဆပလအစိုးရသည် ရန်ကုန်မြို့ကွက်ကွက်ကလေး၌သာ အာဏာစက်ရှိခဲ့သည်။ သောင်းကျန်းသူများသည် ရန်ကုန်မြို့ကိုပင် သိမ်းရန် ကြိုးပမ်းလာသဖြင့် တပ်မတော်သည် ရှိသမျှအင်အားကိုစုစည်း၍ သောင်းကျန်းသူတို့ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသောမြို့များကို ပြန်လည်တိုက်ယူ၍ နိုင်ငံတော်ကိုကာကွယ်ခဲ့ရသည်။ ထို့ပြင် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပကျူးကျော်သူ တရုတ်ဖြူများကိုလည်း ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ စစ်ဆင်ရေးကြီးများဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ကာကွယ်ခဲ့ရသည်။

**အရေးကြုံတိုင်း ရှေ့မှမားမားရပ်တည်ခဲ့**

စင်စစ်အားဖြင့် တပ်မတော်သည်တိုင်းရင်းသားပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့်ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းပြည်အတွင်း အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ကာ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သမိုင်းဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ ထိုတာဝန်များအနက် ပထမဆုံးအနေဖြင့် တပ်မတော်သည် ၁၉၄၈-၁၉၄၉ ခုနှစ်ကာလများအတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာသော ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။

**❖ တပ်မတော်သည် စတင်သန္ဓေတည်ခဲ့သည့် ၁၉၄၁ ခုနှစ်မှ ယနေ့ထိ တိုင်းပြည်နှင့်လူမျိုးအတွက် ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ရသည်။ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဦးလည်မသုန်ထမ်းရွက်လျက်ရှိသည်။ တိုင်းပြည်အတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းဖြစ်ပေါ်လာသော ပြည်တွင်းသောင်းကျန်းမှုများကို လက်ရှိအချိန်ထိ နှိမ်နင်းတိုက်ခိုက်နေရဆဲပင်ဖြစ်သည်။ ထိုသို့ပြည်တွင်းသောင်းကျန်းမှုများနှိမ်နင်းရာတွင် တပ်မတော်သားများ၏ အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ခဲ့ရသည်။ ❖**

ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကိုအိမ်စောင့်အစိုးရအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ ဆောင်ရွက်ကာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးပြီး တက်ရောက်လာသော အစိုးရအဖွဲ့ကို ဥပဒေနှင့်အညီ နိုင်ငံတော်အာဏာ ပြန်လည်အပ်နှံပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင်လည်း အဘက်ဘက်မှယိုယွင်းချည့်နဲ့၍ ချောက်ကမ်းပါးအတွင်း ကျရောက်အံ့ဆဲဆဲ နိုင်ငံတော်ကိုကယ်တင်ရန်အတွက် တပ်မတော်သည် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ထို့ပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့်အရေးအခင်းများကြောင့် တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟူ၍ ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ထိုလမ်းပြမြေပုံနှင့်အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြုစုနိုင်ခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းကျော်က ထောက်ခံမဲပေးခဲ့သည်။ တပ်မတော်သည် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသည့် ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် အရပ်သားများဖြင့် ဖွဲ့စည်းထားသည့် ဒီမိုကရေစီအစိုးရသို့ အာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။ ထိုစွမ်းဆောင်ချက်များသည် မည်သူမျှငြင်းဆို၍မရသော တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးအတွက်ကြိုးပမ်း**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအချက်တစ်ချက်သည် ပြည်တွင်းသောင်းကျန်းမှုချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်အဖွဲ့များနှင့်လည်း သဘောတူညီချက်ရရှိရေးအတွက် စိတ်ရှည်သည်းခံ သဘောထားကြီးစွာ လိုက်လျောဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

**မဲသမာမှုများဖြစ်ပေါ်ခဲ့**

တပ်မတော်အနေဖြင့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် အစိုးရပြည်သူတို့နှင့်အတူ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တရားနည်းလမ်းတကျ ဖြေရှင်းပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများကို တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ကြိုးပမ်းလာခဲ့သဖြင့် တပ်မတော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော် အာဏာကို ခေတ္တထိန်းသိမ်းခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် ချမှတ်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးလုပ်ငန်းများတိုးတက်ရေး၊ ရွေးကောက်ပွဲများကျင်းပနိုင်ရေးစသည့် လုပ်ငန်းများကို အဆင့်အလိုက် အချိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## မောင်သောင်းဝင်း(တမန်ဟောင်း)

**အားလုံးတွင်တာဝန်ရှိ**

နိုင်ငံတော်ကာကွယ်ရေးသည် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်သော နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် တာဝန်ရှိပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်ကြောင်း သတ်မှတ်သည့်အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီ ၁၀ ရက် ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပပယောဂများကြောင့် တိုင်းပြည်၏တချို့သောနေရာများတွင်အကြမ်းဖက်သမားများကြီးစိုးလျက်ရှိသည်။ နိုင်ငံသားတိုင်းသည် စစ်ပညာသင်ကြားပြီးချိန်တွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာသူများအား အမြစ်ပြတ်ချေမှုန်းနိုင်မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ပြည်သူများအေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ကလေးငယ်များပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ယူနိုင်မည်ဖြစ်သည်။ တိုင်းပြည်တိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံသားများကြား တိုင်းပြည်ချစ်စိတ်၊ နိုင်ငံတော် ကာကွယ်လိုစိတ်များ ကိန်းအောင်းလာမည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များကြားတွင် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးသွေးစည်းညီညွတ်မှု တည်ဆောက်သွားမည်ဆိုသော စိတ်ဓာတ်များ ကိန်းအောင်းလာမည်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်သားများ၏တာဝန်သာမဟုတ်ဘဲ ပြည်သူအားလုံးမှာလည်း တာဝန်ရှိနေပေသည်။ အမှန်တော့ နိုင်ငံတော်လုံခြုံရေးသည် အားလုံးတွင် တာဝန်ရှိပေသည်။

**သမိုင်းစဉ်ဆက် တာဝန်ကျေပွန်လျက်ရှိသောတပ်မတော်**

တပ်မတော်သည် စတင်သန္ဓေတည်ခဲ့သည့် ၁၉၄၁ ခုနှစ်မှ ယနေ့ထိ တိုင်းပြည်နှင့်လူမျိုးအတွက် ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ရသည်။ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဦးလည်မသုန်ထမ်းရွက်လျက်ရှိသည်။ တိုင်းပြည်အတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းဖြစ်ပေါ်လာသော ပြည်တွင်းသောင်းကျန်းမှုများကို လက်ရှိအချိန်ထိ နှိမ်နင်းတိုက်ခိုက်နေရဆဲပင်ဖြစ်သည်။ ထိုသို့ ပြည်တွင်းသောင်းကျန်းမှုများ နှိမ်နင်းရာတွင် တပ်မတော်သားများ၏ အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ခဲ့ရသည်။

တပ်မတော်သည် ကျရာတာဝန်ကို စစ်မှန်သော စေတနာသန့်သန့်ဖြင့်သာ အကောင်းဆုံးထမ်းရွက်ခဲ့သည်သာဖြစ်သည်။ ထိုသို့ နိုင်ငံတော်တာဝန်ကို စီမံခန့်ခွဲအုပ်ချုပ်ရသည့်ကာလများတွင် တပ်မတော်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားများ၊ ဆည်တမံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဆက်သွယ်ရေးစခန်းများကို တည်ဆောက်ပေးခဲ့သည်။ အထူးသဖြင့် ဝေးလံခေါင်းပါးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို ငွေကြေးအမြောက်အမြား အကုန်ကျခံပြီး တည်ဆောက်ပေးခဲ့သည်။

ထို့ပြင် တပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများအားလုံး ထာဝစဉ်ဦးထိပ်ပန်ဆင်ထားရမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အသက်ခန္ဓာအပ်နှင်းလျက် သမိုင်းစဉ်ဆက်တာဝန်ကျေပွန်လျက်ရှိပါကြောင်း ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

– တပ်မတော်သမိုင်း

# ကြည့်မြင်တိုင်မြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်


ယခင်နှစ်က ယဉ်ကျေးလိမ္မာသင်တန်းကို တွေ့ရစဉ်။

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ကလေးများအတွက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ပုညကုသလအသင်းကြီးမှ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀၀ ကို လက်ခံကာ ကြည့်မြင်တိုင်မြို့နယ်ရှိ မဟာပုညောပကာရ ဓမ္မာရုံကြီးတွင် ဧပြီ ၁ ရက်မှစတင်ကာ ဧပြီ ၉ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကြည့်မြင်တိုင်မြို့နယ် ပညာရေးမှူးရုံးကနေတစ်ဆင့် အခြေခံပညာမူလတန်းကျောင်းမှာ သင်ကြားနေတဲ့ကျောင်းသား၊ ကျောင်းသူတွေကို သင်တန်းတက်ရောက်ဖို့ ဖေဖော်ဝါရီလကတည်းက စာရင်းကောက်ယူထားပြီးဖြစ်ပါတယ်။ သင်ကြားပို့ချမဲ့ ရက်တွေမှာလဲ အာဟာရဒါနကျွေးမွေးလှူဒါန်းမဲ့သူတွေရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူအယောက် ၂၀၀ ကို ဝတ်စုံကအစ စာရွက်စာတမ်းအဆုံး အသင်းကြီးနဲ့ အလှူရှင်တွေက ပံ့ပိုးပေးအပ်မှာဖြစ်ပါတယ်။ လာရောက်ပို့ချပေးမဲ့ ဆရာ၊ ဆရာမတွေကတော့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနဲ့ မင်္ဂလာဗျူဟာအသင်းကြီးက ဖြစ်ပါတယ်"ဟု ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ပုညကုသလအသင်းကြီးမှ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောပြသည်။

အဆိုပါသင်တန်းတွင် ဗုဒ္ဓဘာသာသာသနာကို အစဉ်စောင့်ရှောက်ထိန်းသိမ်းလိုသည့်စိတ်များ ရင့်သန်ခိုင်မာလာစေရေး ဆောင်ရွက်ရမည့်အချက်များနှင့် (၃၈)ဖြာ မင်္ဂလာတရားတော်များ၊ ယဉ်ကျေးလိမ္မာစေရေးလိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များကို ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Dune: Part Two ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၄၉၄ ရရှိ

**နယူးယောက် မတ် ၁၉**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Dune: Part Two ဇာတ်ကားသည် စတင်ရုံတင်ပြီး ၁၇ ရက်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉၄ သန်းထိ ရရှိခဲ့ပြီဖြစ်ကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် သိပ္ပံအက်ရှင်ဇာတ်ကားတစ်ကားဖြစ်သော Dune: Part Two ဇာတ်ကားကို မတ် ၁ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

ရုံတင်ပြီး ၁၇ ရက်အကြာ မတ် ၁၇ ရက်တွင် Dune: Part Two သည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၅ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၉ သန်းရရှိခဲ့ရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၉၄ သန်းထိရှိလာခြင်းဖြစ်သည်။

လက်ရှိဝင်ငွေအရ Dune: Part Two ဇာတ်ကားသည် မူလ Dune (2021) ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေကို ကျော်လွန်သွားပြီဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်၊ မင်းသမီး ဖလောရင့်ပက်နှင့် ဇန်ဒါးယားတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# မာလာမြိုင်သဘင်ပွဲတော်တွင် သဘင့်ဖခင်ကြီး ဂရိတ်ဦးဖိုးစိန်အစီအစဉ် ထုတ်လွှင့်သွားမည်

**ရန်ကုန် မတ် ၁၉**

မာလာမြိုင်သဘင်ပွဲတော်တွင် ထင်ရှားအောင်မြင် နှစ်ပါးခွင်အစီအစဉ်အဖြစ် သဘင့်ဖခင်ကြီးဂရိတ်ဦးဖိုးစိန်အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment က ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ မတ် ၂၃ ရက်နှင့် မတ် ၂၄ ရက်တွင်ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်တွင် သဘင့်ဖခင်ကြီး ဂရိတ်ဦးဖိုးစိန်အစီအစဉ်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုတစ်ပတ် ထူးထူးခြားခြား ရှုမြင်ကြရမဲ့ မာလာမြိုင်သဘင်ပွဲတော်မှာတော့ သဘင့်ဖခင်ကြီး ဂရိတ်ဦးဖိုးစိန်အား ဂုဏ်ပြုတဲ့ အစီအစဉ်တွေကို သဘင်စတားဆုရှင်လေးတွေနဲ့အတူ တမူထူးခြားစွာ တင်ဆက်ပေးမှာပဲ ဖြစ်ပါတယ်။ ပွဲအရှေ့ပိုင်းမှာတော့ ဦးဖိုးစိန်ကို ဘယ်လိုမွေးဖွားခဲ့လဲ၊ သဘင်ပညာကို ဘယ်လိုဆည်းပူးခဲ့လဲ၊ သူ့ဘဝဖြတ်သန်းမှုတွေက ဘယ်လိုလဲဆိုတာကို တေးအော်ပရာအသွင် ရှုမြင်ကြရမှာဖြစ်ပါတယ်။ အများအကြိုက်နှစ်ပါးသွားကဏ္ဍမှာတော့ သဘင်မင်းသား တင်မောင်ဆန်းမင်းဝင်းဦးဆောင်လို့ စိတ်နှလုံးရွှင်ပြုံးစေမှာဖြစ်ပါတယ်။ တင်မောင်ဆန်းမင်းဝင်းနဲ့အတူ ဘွန်း၊ ဆန်းနေအောင်၊ သဘင်စတား Top 10 Finalist ဖူးချစ်၊ Top 20 Finalist အောင်ကိုဟိန်း၊ People's Choice Award ဆုရှင် အေးသန္တာဖို၊ Top 10 Finalist ဝတီထွန်း၊ ယောကျ်ားမင်းသမီး လင်းလက်အောင်နဲ့ ကလေးသရုပ်ဆောင် ကောင်းခန့်တို့က စုံစုံညီညီပါဝင်ထားတာမို့ ရှုစားလို့ အားပေးကြပါအုံး"ဟု ပတ္တမြားကေခိုင်က ပြောပြသည်။




မာလာမြိုင်သဘင်ပွဲတော်ကို သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

ASH

# Kung Fu ဇာတ်ကား ရိုက်ကူးရေး ဒါရိုက်တာ ဒေးဗစ်လိုက် ပြင်ဆင်နေ

**နယူးယောက် မတ် ၁၉**

Kung Fu အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်ရေးအတွက် ကမ္ဘာကျော်ဒါရိုက်တာ ဒေးဗစ်လိုက်က ပြင်ဆင်နေပြီဖြစ်ကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်တွင် ကမ္ဘာကျော်မင်းသား ဒွန်နီယန်းက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Kung Fu ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် ပြင်ဆင်မှုများစတင်နေပြီဖြစ်ကြောင်း ဒါရိုက်တာ ဒေးဗစ်လိုက်က ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် Kung Fu ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်နှင့် ထပ်မံပါဝင်မည့်သရုပ်ဆောင်များကို ဒေးဗစ်လိုက်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ဒါရိုက်တာ ဒေးဗစ်လိုက်သည် ကမ္ဘာကျော် John Wick ဇာတ်ကားများနှင့် The Fall Guy ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Kung Fu ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# နိုအာဘောင်ဘက်၏ ဇာတ်ကားသစ်၌ ဂရိတာဂျားဝစ်နှင့် ပက်ထရစ်ဝီဆင်တို့ ပါဝင်မည်

**နယူးယောက် မတ် ၁၉**

Netflix ကုမ္ပဏီအတွက် ဒါရိုက်တာ နိုအာဘောင်ဘက် တာဝန်ယူရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ပက်ထရစ်ဝီဆင်နှင့် မင်းသမီး ဂရိတာဂျားဝစ်တို့ ပါဝင်မည်ဖြစ်ကြောင်း မတ် ၁၈ ရက် သတင်းများအရ သိရသည်။



အဆိုပါသရုပ်ဆောင်များအနေဖြင့် အထက်ပါရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျော့ကလိုနေး၊ အဒမ်ဆန်းဒလား၊ မင်းသမီး လော်ရာဒန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသော အထက်ပါဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဘောင်ဘက်ကပင် တာဝန်ယူရေးသားပေးထားသည်။

ဟာသဒရာမာဇာတ်ကား အမျိုးအစားဖြစ်ဖွယ်ရှိသော အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Netflix ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိတွင် ၎င်းဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# Plan underway to supply water to necessary areas in summer



Water being distributed in a community in Mandalay.

**Mandalay March 19**

As now is time of summer with hotness, arrangements are being made to donate water to the areas with water scarcity, said U Zaw Win Tun, director of Mandalay Region Fire Services Department.

If the people from the areas with water scarcity in Mandalay Region demand drinking water, relevant fire stations will supply water to these regions in time. The department is ready to provide drinking water to the people from any regions in summer.

"The Fire Services Department supplies drinking water to the people as part of public welfare for solving their problems with the use of fire engines. If people contact relevant fire stations, the department will provide drinking water to them. But, some regions face water shortage in March and April. The department is ready to give help to them in any places," he added.

As El Nino affects year 2024 with higher temperature, water will be donated to necessary people for several times. The department is providing drinking water to necessary places. In 2023, the department donated 179,600 gallons of drinking water to the water scarcity areas in the region.

185

# Kyunhla Township farmers reap 14,236 acres of winter peanuts this year

**Kyunhla March 19**

A total of 14,236 acres of peanuts planted in the winter crop season in Kyunhla Township, Kanbalu District in Sagaing Region have been harvested, according to statistics from the Department of Agriculture in Kyunhla Township.

During the 2023-2024 winter crop planting season, 14,236 acres of winter peanuts have been harvested, yielding 75.25 baskets per acre.

"In order to ensure self-sufficiency in local consumption, peanuts, sunflowers, sesames, and mustards are grown as winter oil crops in Kyunhla Township. The peanuts are planted in the rainy and winter seasons. Year by year, the cultivation is expanding and the yield is increasing," said Daw Myint Myint Yee, head of the Department of Agriculture in Kyunhla Township.



Workers harvesting peanuts in a field.

In addition, the Department of Agriculture for the township instructed the winter peanut farmers in Kyunhla Township to select good varieties, correct planting method, and provided knowledge on using the GAP method.

206

# White pigeon pea in proper trading in Mandalay market due to high demand

**Mandalay March 19**

As foreign trade partners rise demand to purchase white pigeon pea from Myanmar, such a bean is marketable in Mandalay, said U Set Maung Swe, secretary of Brokers, Merchants, Millers Maha Kahteindaw Association (Mandalay Commodity Depot).

At present, Chinese merchants purchase white pigeon pea with high demand. So, such a bean is in high trading at domestic market.

"At present, Chinese and Indian merchants purchase white pigeon pea from Myanmar with high demand. So, trading of the bean is booming," he explained.

On 14 March, white pigeon pea fetched K350,000 per bag in Mandalay market.

"White pigeon pea is one of the marketable beans in Mandalay market. Now, it is in high demand in Mandalay market," he added.

184

# Economic Watch: Western oil giants look at new strategy amid global energy transition

**Houston March 19**

At the top-level global energy forum CERAWeek that kicked off here on Monday, oil giants across the Atlantic are fine-tuning their investment strategies in view of multiple challenges arising from geopolitical tensions, climate change and rapid growth of renewable energy.

Investment opportunities created by favorable government policies, such as the Inflation Reduction Act (IRA) passed by the Biden administration, have also led to directional change in capital investment, local analysts said.

TotalEnergies CEO Patrick Pouyanne said at the forum that the French oil major previously regarded the United States as an unfavorable investment location but is now investing heavily in gas, Liquefied Natural Gas (LNG) and power projects in Texas.

"We appointed a new country chair to coordinate TotalEnergies' growing investment in the United States," he said.

TotalEnergies, with a significant amount of investment in Russia, is also trying to diversify into other regions, including Brazil and Suriname in South America and Namibia in Africa, the top executive said.

Xinhua

# Xinhua Commentary: Double- dealing defines U.S. politics

**Beijing March 19**


Washington delights in touting such noble terms as democracy, human rights and rules-based international order, but what it does betrays what it truly believes.

The Jan. 6, 2021, Capitol riot, featuring violent protesters, damaged statues, vandalized offices and terrified lawmakers inside the "seat of American democracy," offered a revealing glimpse into America's dysfunctional political system.

"So much for American exceptionalism, for our being a shining city on a hill." When Richard Haass, president of the Council on Foreign Relations, a U.S. think tank, made this comment following the incident, he told a truth that has become increasingly clear.

The United States likes to portray itself as a "Beacon of Democracy." Yet the so-called beacon is getting dimmer, with politicians preaching democracy on the stage while engaging in money politics behind the scenes. As election campaign funds keep shattering the record, political division has been growing deeper.

Xinhua



U.S. President Joe Biden delivers his State of the Union address at the House Chamber in Washington, D.C., the United States, March 7, 2024.

# Labutta Township residents ship 84,000 visses of dried sea fish to Yangon in February


Sea fish being dried in the sun.

**Labutta March 19**

A total of 84,000 visses of dried sea fish from Labutta Township, Ayeyawady Region was sold to the Yangon market in February, said Daw Tin Tin Nyo, owner of various dried fish wholesale center from Labutta Township.

Up to 52,000 visses of dried fish was sold in January in Labutta Township. From February 1 to 29, up to 84,000 dried sea fish were sold to Yangon market.

"Dried sea fish sets from the area are systematically produced and mainly shipped to the Yangon market. In October, we sold 84,000 visses of dried sea fish. The local Yangon market has been buying, so the sales have increased. The prices of dried fish are in a normal state. Currently, dried sea fish are bought and sold at the local market. This good business is an opportunity for those related to the fish and dried fish business," she said.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Homalin District residents cultivate 3,911 acres of vegetables in current planting season

**Homalin March 19**

A total of 3,911 acres of vegetables have been planted in Homalin District, Sagaing Region during this year's winter crop planting season, according to statistics from the Department of Agriculture for Sagaing Region.

During the 2023-2024 winter crop planting season, 2,950 acres of vegetables have been earmarked for planting in Homalin District, and 3,911 acres have been planted from October.

"The crops are mustard, chili, spices, potatoes, cabbage, eggplant, and radish. We are providing the GAP system technology to vegetables growers. We are giving farmers the technology to plant in a way that minimizes chemical residues and is suitable for health," said U Win Hlaing Oo, head of the Department of Agriculture for Sagaing Region.

As for the completion of vegetables cultivation by townships in Homalin District, there were 3,790 acres in Homalin Township and 121 acres in Mo Paing Lut Sub-Township, totaling 3,911 acres.

206


A vegetable plantation.

# Mandalay sugar trade booming: local production attracts foreign buyers

**Mandalay March 19**

U Win Htay, vice chairman of the Sugar and Sugarcane Product Entrepreneurs Association (Mandalay), reports a thriving sugar trade in the Mandalay market. This surge is driven by increased foreign demand, particularly from China and Vietnam.

"Good quality sugar produced in Mandalay, Sagaing, Bago, and Yangon regions has recently drawn interest from Chinese buyers at a favorable price," U Win Htay stated. "This has positioned the Mandalay market as a leader in domestic sugar trade."

Positive developments are evident in the market's current state. As of March 13, the price per viss of sugar has reached approximately 4,200 kyats, indicating a recovery in trading activity.

However, U Win Htay cautions of a potential future concern: "While the sugar trade is flourishing, there's no current shortage of raw materials. If foreign purchases continue to rise, the surplus in the Mandalay market might dwindle."

184


Sugar of different qualities on display for sale at a market.

# Budalin Township farmers bloom with 18,120 acres of winter sunflower plantations

**Budalin March 19**

A total of 18,120 acres of sunflower have been planted in Budalin Township, Monywa District, Sagaing Region in this year winter planting season, according to statistics from Department of Agriculture for Budalin Township.

In 2023-2024 winter planting season, 18,020 acres of sunflowers have been earmarked for planting, and since October 2023, 18,120 acres have been planted.

"Sunflowers are mainly planted in the winter rather than in the rainy season. We are working to plant high-yielding varieties of sunflowers in the rainy season. We are also working to expand sunflower cultivation," said U Phyo Wai, Head of the Department of Agriculture for Budalin Township.

This year, the Department of Agriculture for the township has been speeding up educational courses to expand the cultivation of sunflowers in Budalin Township. It was arranged to provide seeds to the farmers who are going to grow sunflower, to sell urea fertilizer at a low price, and to distribute the sunflower varieties produced by farmer-to-farmer exchange methods.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားရေတပ်က သင်္ဘောတွင်တင်ဆောင်ပစ်လွှတ်နိုင်သော Kamikaze ဒရုန်းများကို အသုံးပြုရန်ကြိုးပမ်းလာ



ရုရှားရေတပ်သည် ရေတပ်သင်္ဘောများပေါ်တွင် ယူကရိန်းမရိန်းတပ်ဖွဲ့များထံမှ ဒရုန်းတိုက်ခိုက်မှုများ မြင့်တက်လာခြင်းကို ကာကွယ်ရန်အတွက် သင်္ဘောဖြင့်တင်ဆောင်ပစ်လွှတ်နိုင်သော Kamikaze ဒရုန်းအမျိုးအစားကို မကြာမီတွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း Defense Post သတင်းဌာနက မတ် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သင်္ဘောများနှင့် ကုန်းပတ်များပေါ်မှ လွှတ်တင်နိုင်မည်ဖြစ်သည့် အဆိုပါ Kamikaze ဒရုန်းသည် မြေပြင်နှင့် ပင်လယ်ပြင်ရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် Izvestia သတင်းဌာနက သတင်းရင်းမြစ်များကို ကိုးကား၍ ထုတ်လွှင့်ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်သည် ကမ်းရိုးတန်းရှိ ရေတပ်သားများကို အကာအကွယ်ပေးရန်အတွက် ၂၀၂၂ ခုနှစ် စစ်ရေးလေ့ကျင့်မှုအပြီးတွင် သင်္ဘောဖြင့်ပစ်လွှတ်သော Kamikaze ဒရုန်းတစ်မျိုးကိုတီထွင်ထုတ်လုပ်ရန် စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း Izvestia သတင်းစာက ၂၀၂၂ ခုနှစ် နိုဝင်ဘာလကတည်းက ရေးသားဖော်ပြခဲ့ဖူးသည်။

ကျွမ်းကျင်ပညာရှင်များ၏ ပြောကြားချက်များကိုကိုးကား၍ ယူကရိန်းပဋိပက္ခမတိုင်မီက ဖြန့်ကြက်ချထားမှုသည် အပေါ့စားစစ်သင်္ဘောများနှင့် မော်တော်ဘုတ်များကို တိုက်ခိုက်ရာတွင် အထူးထိရောက်သည်ဟု တွက်ချက်သုံးသပ်ထားကြကြောင်း သိရသည်။

ရေတပ်သုံး Kamikaze ဒရုန်းများတွင် အားသာချက်များရှိသော်လည်း ပင်လယ်ပြင်တွင် အထင်ကရနေရာများမရှိခြင်းကြောင့် နည်းပညာကိုကျွမ်းကျင်၊ ထိရောက်စွာအသုံးပြုနိုင်ရန် စိန်ခေါ်မှုအချို့ရှိနေနိုင်သည်ဟု စစ်ရေးကျွမ်းကျင်သူများက ထင်ကြေးပေးကြသည်။

"ကုန်းမြေနဲ့ ပင်လယ်ကြားရဲ့ အဓိကကွာခြားချက်ကတော့ ပင်လယ်ရေမျက်နှာပြင်မှာ အထင်ကရပစ်မှတ်တွေသိပ်မရှိဘူး။ ဆိုလိုတာက အရေးကြီးပစ်မှတ်ဆိုလို့ စစ်သင်္ဘောတွေပဲရှိမှာပါ" ဟုစစ်ရေးကျွမ်းကျင်သူ Dmitry Boltenkov ၏ ပြောကြားချက်ကိုကိုးကား၍ Izvestia သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

နောက်တစ်ချက်က "ဒရုန်းတွေကို ရေပေါ်မှာပျံသန်းမှုကိုထိန်းချုပ်ဖို့ တော်တော်ခက်တယ်"ဟုလည်း ၎င်းက ဆက်လက် ပြောကြားသည်။

သို့သော်လည်း အားသာချက်များမှာ ကမ်းနားသို့ စစ်သင်္ဘောများဆိုက်ကပ်ရန်မလိုဘဲ ယူကရိန်းတို့၏ ပင်လယ်ပြင်သွား၊ ပင်လယ်ကမ်းခြေနားရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းအပါအဝင် အကျိုးကျေးဇူးများလည်းများစွာရှိကြောင်း စစ်ရေးကျွမ်းကျင်သူ Dmitry Boltenkov က ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခ စတင်ကတည်းက ရုရှားရေယာဉ်အများအပြား နစ်မြုပ်ခြင်းသို့မဟုတ် ပျက်စီးခြင်းခံခဲ့ရပြီး ရုရှားရေတပ်ဦးစီးချုပ်နေရာကို အစားထိုးခန့်အပ်ခဲ့ရသည်ထိ ရုရှားကို ဖိအားပေးနိုင်စေခဲ့သည်မှာ ယူကရိန်းမရိန်းတပ်ဖွဲ့များ၏ ဒရုန်းအသုံးပြု တိုက်ခိုက်မှုများပင်ဖြစ်သည်။ အဆိုပါ ဒရုန်းတိုက်ခိုက်မှုများကြောင့် ရုရှားပင်လယ်နက်ရေတပ်သည် အချိန်အတိုင်းအတာတစ်ခုထိ ထိန်းထိန်းသိမ်းသိမ်း တပ်ဖြန့်လုပ်ဆောင်ခဲ့ရပြီး ယူကရိန်းသို့ သွားလာနိုင်သော သင်္ဘောလမ်းကြောင်းများ ပြန်လည်ဖွင့်ပေးထားကာ ရုရှားတပ်ဖွဲ့များအနေဖြင့် အချိန်ပြည့်စစ်မြေပြင်အခြေအနေ စောင့်ကြည့်ထောက်လှမ်းခြင်းကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်ခဲ့သည်ဟု Defense Post သတင်းဌာနက ကောက်ချက်ချရေးသားထားသည်။

**Russian Navy to Induct Ship-Launched Kamikaze Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## Drone Shield ကုမ္ပဏီက အမေရိကန်ထံ လက်ကိုင်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များရောင်းချရန် စာချုပ်ချုပ်ဆို

ဩစတြေးလျကုမ္ပဏီ Drone Shield သည် အမေရိကန်နိုင်ငံထံ လက်ကိုင်တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်များကို ရောင်းချပေးနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်းတန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Defense Post သတင်းဌာနက မတ် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဝယ်ယူရေးသဘောတူစာချုပ်တွင် အမျိုးအစားနှင့် အရေအတွက် သတ်မှတ်ဖော်ပြမထားဘဲ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အမျိုးအစားများဟုသာ သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို သင်္ဘောတင်ပို့မှုအချိန်ကာလကိုမူ စာချုပ် ချုပ်ဆိုပြီးသည်မှစ၍ ၁၅ ရက်အတွင်း အပြီးသတ်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ ဝယ်ယူရေးအမှာစာသည် အသုံးပြုသူဖောက်သည် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် မိတ်ဖက်ဆက်ဆံရေးပေါ်တွင် အခြေခံတည်ဆောက်ထားကြောင်း Drone Shield ကုမ္ပဏီက ရေးသားဖော်ပြခဲ့သည်။

မိတ်ဖက်နိုင်ငံထံမှ မပြောပလောက်သော ဝယ်ယူရေးအမှာစာများ ပေးပို့ခဲ့သော်လည်း ယခုနောက်ဆုံးသဘောတူညီချက်သည် Drone Shield ကုမ္ပဏီက လက်ခံရရှိသည့် ပထမဆုံးသော ဝယ်ယူရေးသဘောတူညီမှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

နောက်နောင်တွင် ဆက်လက်၍ ပမာဏကြီးမားသော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် မူဘောင်လုပ်ငန်းစဉ်များကို နှစ်နိုင်ငံအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးနိုင်လိမ့်ဦးမည်ဟု Drone Shield ကုမ္ပဏီကထပ်လောင်းပြောကြားသွားခဲ့သည်။

ကျယ်ပြန့်သောကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခသည် မောင်းသူမဲ့စနစ်များ လျင်မြန်စွာဆင့်ကဲပြောင်းလဲလာမှု၏ ပြတ်သားသောသက်သေအထောက်အထားများကို ဆက်လက်မြင်တွေ့နေရသည်ဟု Drone Shield ကုမ္ပဏီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဒါရိုက်တာ Tom Branstetter က ပြောကြားခဲ့သည်။

အမေရိကန်အစိုးရထံမှ မိမိတို့ထုတ်ကုန်အပေါ် ဝယ်ယူအားပေးအသုံးပြုသူများသည် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အသာစီးရနိုင်စေမည့် နောက်ဆုံးပေါ်အဆင့်မြင့်စွမ်းဆောင်ရည်များကို အမြဲတမ်းပိုင်ဆိုင်ထားနိုင်စေလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ကတိပြုပြောကြားခဲ့သေးသည်။

Drone Shield ကုမ္ပဏီသည် မစ်ရှင်လိုအပ်ချက်များအပေါ်မူတည်၍ မတူညီသော အမျိုးအစားများအတွက် အဓိကကျသော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သုံးမျိုးကို တီထွင်ထုတ်လုပ်ရောင်းချလျက်ရှိသည်။ RfPatrol တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ရှုပ်ထွေးသောအခြေအနေများတွင် အခြေအနေဆိုင်ရာကြိုတင်သတိပြုမိစေရန် ဒီဇိုင်းထုတ်ထားသည့် စစ်သည်တစ်ဦး အလွယ်တကူသယ်ဆောင်အသုံးပြုနိုင်သော ရေဒီယိုလှိုင်းအာရုံခံကိရိယာတစ်ခုဖြစ်သည်။ Drone Shield ကုမ္ပဏီ၏အဆိုအရ ၎င်းသည်မည်သည့်အမြန်နှုန်းဖြင့် ရွေ့လျားနေသည့် ဒရုန်းခြိမ်းခြောက်မှုများကိုမဆို အလိုအလျောက်သိရှိနိုင်သည်ဟု သိရသည်။



Gun Tactical စနစ်သည် တာဝေးပျံသန်းစစ်ဆင်နိုင်သော ဒရုန်းများကိုဖျက်ပြယ်စေရန် Directional အင်တင်နာများနှင့် Jamming Interference ပိတ်ဆို့နှောင့်ယှက်မှုများကိုအသုံးပြု၍ ရိုင်ဖယ်ပုံစံ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်စနစ် Jammer သေနတ်အမျိုးအစားဖြစ်သည်။ နောက်အမျိုးအစားတစ်မျိုးမှာ Sentry စနစ်ဖြစ်ပြီး ပလပ်ဖောင်းတစ်ခုတည်းတွင် အာရုံခံကိရိယာများ၊ ကင်မရာများနှင့် တန်ပြန်လုပ်ဆောင်နိုင်မှုစွမ်းရည်များကို ပေါင်းစပ်ထားသည့် မျှော်စင်ပုံစံပုံသေအခြေစိုက် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး ပေါင်းစည်းစနစ်ဖြစ်သည်။ ဤ Sentry တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်သည် ဝင်ရောက်လာမည့်ဒရုန်းများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေထောက်လှမ်းရန်၊ စိစစ်ခွဲခြားဖော်ထုတ်ရန်နှင့် ခြေရာခံထိန်းကျောင်းရန် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုထားကြောင်း သိရသည်။

**Drone Shield Secures US Hand-Held Anti-Drone Systems Contract ကိုဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းများတွင် ၁၂၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းများတွင် ၁၂၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၁၃ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁ တင်းထွက်ရှိကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်းဧက ၁၃၆၀ စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာ ပဲတီစိမ်း ၁၂၁၃ ဧကထိ ရိတ်သိမ်းပြီးပါပြီ။ ပဲတီစိမ်းတို့ရဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၇၁ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၈၄၂ ဧက စုစုပေါင်း ၁၂၁၃ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၃၆၀ လျာထားစိုက်ပျိုးခဲ့ရာ မော်လိုက်မြို့နယ်တွင် ၃၇၁ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၉၈၉ ဧက စုစုပေါင်းဧက ၁၃၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မကွေးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး မတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေး-နေပြည်တော်လမ်းမှ ဘုရားဖြိုမြောက်ကျေးရွာနှင့် ဘုရားဖြိုတောင်ကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇင်လတ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခိုင်မင်းစိုးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ လမ်းအရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိသော မကွေး-နေပြည်တော်လမ်းမှ ဘုရားဖြိုမြောက်ကျေးရွာနှင့် ဘုရားဖြိုတောင်ကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



မကွေး-နေပြည်တော်လမ်းမှ ဘုရားဖြိုမြောက်ကျေးရွာနှင့် ဘုရားဖြိုတောင်ကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေ(အထွေထွေပိုလျှံငွေ)ကျပ်သန်း ၁၂၀ အသုံးပြုပြီး မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပစ္စည်းတင်ဒါစနစ်ဖြင့် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၇၃ အိမ်မှ လူဦးရေ ၁၆၁၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**

# ဝါးခယ်မမြို့နယ် အိုင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်ကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုင်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၄၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၃ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉–၃–၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧည့်ဘိုကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝါ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တောင်ကြီးမြို့ရှိ လူမှုဖူလုံရေး-ခိုင်မေတ္တာဆေးရုံ၊ လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်းတို့တွင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကြည့်ရှုစစ်ဆေး




**နေပြည်တော် မတ် ၁၉**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ လူမှုဖူလုံရေး-ခိုင်မေတ္တာဆေးရုံ၊ လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်းများတွင် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ရှိ လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်းသို့ သွားရောက်၍ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေး စီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများအား ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း အင်အားပြည့်လည်ပတ်ရန် လိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ရုံးနှင့် ဆေးခန်းရှိ တာဝန်ရှိသူများအနေဖြင့် စေတနာထား၍ အားထည့်ဆောင်ရွက်ပေးစေလိုကြောင်း၊ လူနာကုသရေးလုပ်ငန်း၊ ဆေးရုံသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သက်တမ်းလွန်၊ လေလွင့်ဆေးများ မဖြစ်စေရန်စီမံခြင်း၊ ရုံးနှင့် ဆေးခန်းလုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အလုပ်ဌာန ၇၉၁ ဌာန အကျုံးဝင်အာမခံအလုပ်သမားဦးရေ ၁၀၉၇၃ ဦးရှိပြီး မြို့နယ်လူမှုဖူလုံရေးဆေးခန်းနှစ်ခန်း၊ ဌာနကြီးဆေးခန်းတစ်ခန်းနှင့်စာချုပ်ဆေးခန်းတစ်ခန်းတို့ ဖွင့်လှစ်ကာ ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Community Center (ပြန်ကြားရေးခန်းမ) ၌ ပြည်နယ်ရှိ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေး၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာနိုင်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ဌာနများအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်၊ ဦးတည်ချက်များ အောင်မြင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Naypyitaw State Academy ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများ၏ ပထမနှစ်ဝက်စာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး





**နေပြည်တော် မတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက Naypyitaw State Academy သို့ရောက်ရှိပြီး ကျောင်းအတွင်း ဥပစာရပ်ကောင်းမွန်ရေးဆောင်ရွက်နေမှုနှင့် တည်ဆောက်နေဆဲ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Naypyitaw State Academy ၏ စာဖြေခန်းများသို့ သွားရောက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ စတုတ္ထနှစ်၊ ပထမနှစ် ဂုဏ်ထူးတန်းနှင့် ဒုတိယနှစ် ဂုဏ်ထူးတန်းသင်တန်းများ၏ ပထမနှစ်ဝက်စာမေးပွဲတွင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက စာမေးပွဲခန်းတာဝန်ကျ ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို စာမေးပွဲဖြေဆိုကြသည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်နှစ်တစ်နှစ် အောင်မြင်စွာပြီးဆုံးရေးသည် အလွန်အရေးကြီးပါကြောင်း၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့အတွက် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲဖြေဆိုစဉ် မကျန်းမမာဖြစ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှစေလွှတ်ထားသော ဆေးကုသရေးအဖွဲ့က ကူညီစောင့်ရှောက်ပေးမည်ဖြစ်ပါကြောင်း၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမရပူရမြို့နယ်ရှိ MSME လုပ်ငန်းများဖြစ်သည့် စက်ရက်ကန်းရုံများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး အမရပူရမြို့နယ်ရှိ MSME လုပ်ငန်းများဖြစ်သည့် မြကမ္ဘာစိုးစက်ရက်ကန်းရုံနှင့် ရွှေယမင်း(ပိုးထည်တိုက်)စက်ရက်ကန်းရုံတို့ကို လိုက်လံကြည့်ရှုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုန်းတော်နိုင်ငံကျေးရွာရှိ မြကမ္ဘာစိုးစက်ရက်ကန်းရုံသို့ ရောက်ရှိပြီး လုပ်ငန်းရှင် ဒေါ်မြင့်မြင့်သန်းက စက်ရက်ကန်း ၁၀ စင်၊ ချည်ချစက် တစ်လုံး၊ ရက်ဖောက်စင် နှစ်လုံး၊ ချားပုတ်စက် တစ်လုံးတို့ဖြင့် လုပ်ငန်းများလည်ပတ်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထွက်ရှိမှုအခြေအနေများကို လိုက်ပါရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သိမ်ကြီးရပ် အိုးတော်ရပ်ရှိ ရွှေယမင်း(ပိုးထည်တိုက်) စက်ရက်ကန်းရုံသို့ရောက်ရှိပြီး လုပ်ငန်းရှင် ဦးကျော်က စက်ရက်ကန်းစင် ၆၂ စင်၊ ချည်ချစင် နှစ်စင်၊ ရက်ဖောက်စက် တစ်လုံး၊ ချားပုတ်စက် သုံးလုံးတို့ဖြင့် ဆေးဆိုးပြီးချည်များကို ချည်စင်တွင် ချည်ချခြင်း၊ ရက်ဖောက်စက်တွင် ရက်ဖောက်ခြင်း၊ ချားပုတ်ခြင်းများ ပြုလုပ်ပြီး ရရှိလာသည့်ချည်ခင်များကို စက်ရက်ကန်းစင်တင်၍ ရက်လုပ်ခြင်း ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို လိုက်ပါရှင်းလင်းပြသသည်။

အဆိုပါရက်ကန်းစက်ရုံများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ချည်ထုတ်လုပ်နိုင်သည့် (က)အဆင့် ဝါကုန်ကြမ်းများ ထွက်ရှိရေး၊ ပြည်တွင်း ချည်မျှင်ထုတ်လုပ်နိုင်မှု လိုအပ်ချက်ပြည့်မီရေး၊ ပြည်တွင်း၌ လွယ်လင့်တကူမှာယူသုံးစွဲနိုင်ရေးတို့ကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းရှိ စက်ရက်ကန်းစက်များနှင့် ကိုက်ညီသည့် ချည်များကို ပြည်တွင်းလိုအပ်ချက်အရ ပြည်ပနိုင်ငံများက မှာယူတင်သွင်းနေရမှုများ ရှိနေသေးကြောင်း၊ ပြည်တွင်းစက်ရက်ကန်းများနှင့်ကိုက်ညီသည့် ၂/၈၀ ချည်များ ထုတ်လုပ်သွားနိုင်ရေး ကြိုးစားဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းရှင်များ၏တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရေမြေဒေသနှင့်ကိုက်ညီပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော နှစ်ရှည်သီးနှံ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ပုဂ္ဂလိက ကဏ္ဍမှလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းပညာပေး၍ ပူးပေါင်းကူညီဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ကန်ကလေးဥယျာဉ်ခြံသို့ရောက်ရှိရာ ခြံတာဝန်ခံက သစ်သီးဝလံစိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် မျိုးကောင်းမျိုးသန့်ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ အသုံးချသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP နှင့် အော်ဂဲနစ် Organic ဆိုင်ရာနည်းပညာများ ပြန့်ပွားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြား၍ ဒူးရင်း၊ ကလောစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တာဝန်ရှိသူက မော်လမြိုင်မြို့အနီးတွင် တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း အသစ်တည်ဆောက်ရေးစီမံကိန်းအတွက် ပင်မလေဆိပ်ဧရိယာ၊ ရေလွှဲတူးမြောင်း တူးဖော်ခြင်း၊ ကျေးလက်ရှောင်ကွင်းလမ်းနှင့် လေဆိပ်အဝင်လမ်းမကြီး ဖောက်လုပ်ခြင်းစသည့် စီမံကိန်းလုပ်ငန်းများ၏ မြေယာအသုံးချမှု၊ မြေယာလျော်ကြေး နစ်နာကြေးများ ပေးချေပြီးစီးမှု၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပြင်ဆင်ပယ်ဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သက်ဆိုင်ရာဌာနများ၏ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဧရိယာပါဝင်မှုအခြေအနေများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)၏ ရော်ဘာမျိုးများ သုတေသနပြု ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မျိုးကောင်းမျိုးသန့် ရော်ဘာ ပူးဆက်ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ ရေ၊ မြေဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်သော ရော်ဘာမျိုးကောင်းမျိုးသန့်များပေါ်ထွက်လာစေရေး သုတေသနပြုဆောင်ရွက်ရန်၊ တောင်သူများနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် သင်တန်းနှင့်ပညာပေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မုဒုံမြို့နယ်ရှိ အဇင်းရေလှောင်တမံ၏ ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် စပါးသီးနှံ၊ ဥယျာဉ်ခြံသီးနှံနှင့်စိုက်ပျိုးဧရိယာများအတွက် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးသည့်သီးနှံနှင့်ရေပေးဝေမှုဟန်ချက်ညီ ဖြစ်စေရေး စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြား၍ မုဒုံမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အဇင်း(၂)ခြံတွင် ပြည်တွင်း၊ ပြည်ပ ဒူးရင်းသီးမျိုးများကို သုတေသနပြု စိုက်ပျိုးထားရှိမှုကို စစ်ဆေးကြည့်ရှုသည်။



ထို့ပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ဆောင်ရွက်လျက်ရှိသည့် ဖူးဆက်ရော်ဘာ ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း၊ ရော်ဘာမျိုးကိုင်းပွားစိုက်ခင်းနှင့် ရော်ဘာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဆီအုန်းမျိုးသုတေသနပြု ဆောင်ရွက်နေမှုများနှင့်ရော်ဘာပင်များအကြား ကိုကိုးပင်များ စမ်းသပ်စိုက်ပျိုးထားရှိမှုများကို ခြံတာဝန်ခံက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေမြေဒေသနှင့်ကိုက်ညီပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော နှစ်ရှည်သီးနှံ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ပုဂ္ဂလိက ကဏ္ဍမှလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းပညာပေး၍ ပူးပေါင်းကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ ရှေ့ဖုံးမှအဆက်**

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုအရ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုမည့်နေ့ရက်နှင့် စာစစ်ဌာနများကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

---

**☆ ကျောဖုံးမှအဆက်**

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ချေးငွေပမာဏ

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀၀ ထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀၀ ထိ

(၃) ကျပ်သိန်း ၃၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) ချေးငွေသက်တမ်းနှင့်ပြန်ဆပ်ကာလ

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ - ချေးငွေသက်တမ်း တစ်နှစ်

(၂) မတည်ရင်းနှီးငွေ - ချေးငွေသက်တမ်းသုံးနှစ် သုံးရစ်ဆပ်

(ဂ) ချေးငွေအတိုးနှုန်း - တစ်နှစ်လျှင် (၅ ရာခိုင်နှုန်း)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများ အားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများ အားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများ အားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ အားလုံး၊

၅။ ဆီစက်ချေးငွေအဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန websitewww.mopf.gov.mm၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန websitehttps://msmewebportal. gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း websitehttp://www.meoma.org၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း websitehttp://meoda.myanmarwebtraining.com၊ MEB website www.meb.gov.mm၊ MADB websitewww.madb.gov.mm တို့တွင် download ရယူနိုင်ကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

---

**မှတ်ပုံတင်သက်တမ်းတိုး ဆက်လက် ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ**

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေးသမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်ကမှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ Modelနှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်(၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# သာသနာတော်နှစ် ၂၅၆၇-၂၅၆၈ ခုနှစ်၊ သက္ကရာဇ် ၁၃၈၅-၁၃၈၆ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း ၁ ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၅ ခုနှစ် တာကူးလဆန်း ၆ ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁၄ ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညဉ့်စက် ၁၂ နာရီ ၂၄ မိနစ် ၄၅ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၅ ခုနှစ် တာကူးလဆန်း ၇ ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက် တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၅ ခုနှစ် တာကူးလဆန်း ၈ ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁၆ ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ ၂၉ မိနစ် ၂၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဦးတန်ခူးလဆန်း ၉ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ် တာကူးလဆန်း ၉ ရက်
- ခရစ်နှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁၇ ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

ဤ ၁၃၈၆ ခုနှစ်တွင် ဝါဆိုဝါကပ်လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာသာသနာတော် ရဟန်းအရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၁ ရက် တနင်္ဂနွေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ ဩဂုတ်လ ၂၀ ရက် အင်္ဂါနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပပြုလုပ်



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက သီဆိုကပြဖျော်ဖြေစဉ်။

**နေပြည်တော် မတ် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဉစ္စာလုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိတပ်နယ်ခန်းမ၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊စစ်သည်တေးသီချင်းများ၊ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့်ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက သီဆိုကပြဖျော်ဖြေစဉ်။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကြေညာချက်

**၂၀၂၄ ခုနှစ် မတ်လ ၁၉ ရက် အင်္ဂါနေ့**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဥပဒေအမှတ် ၁၇/၂၀၁၀ ဖြင့်ပြဋ္ဌာန်းထားခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး အဆိုပါပြည်သူ့စစ်မှုထမ်းဥပဒေကိုအကြောင်းပြု၍ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ပြုလိုသော တရားမဝင်သစ္စာမဲ့သတင်းဌာနအချို့နှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းအချို့က သတင်းတု၊သတင်းမှားများကိုဖြန့်ဝေပြီး ပြည်သူများကို စိုးရိမ်မှုလွန်ကဲစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းတု၊သတင်းမှားများ ချေဖျက်နိုင်စေရေးနှင့် သတင်းအမှန်များ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိနိုင်စေရေးအတွက် ဟောပြောဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချခြင်းများကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍လည်း သတင်းဌာနအသီးသီးရှိ သတင်းမီဒီယာသမားများ၊ စာပေပညာရှင်များကို ဖိတ်ကြား၍ ရှင်းလင်းဟောပြောဆွေးနွေးပွဲများပြုလုပ်ကာ သတင်းအမှန်များကိုသာ ရေးသားဖြန့်ဝေပေးကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၃။ ပြည်သူအများစုနှင့်ထိတွေ့ဆက်ဆံရသော ရပ်ကွက်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၏ ဆန္ဒစောဆောင်ရွက်မှု၊ ပြောဆိုမှုများကြောင့်ဖြစ်စေ၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသော သစ္စာမဲ့သတင်းမီဒီယာအချို့၏ သတင်းမှားဖြန့်ဝေမှုကြောင့်ဖြစ်စေ ပြည်သူများစိုးရိမ်ထိတ်လန့်မှုများမြင့်မားမလာစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အဆင့်ဆင့်ပညာပေးထိန်းကျောင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်နှင့် သတင်းမီဒီယာများအနေဖြင့်လည်း သတင်းအမှန်များကိုသာ ဖြောင့်မတ်မှန်ကန်စွာရေးသားဖြန့်ချိကြရန်၊ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ရှင်းလင်းပြည့်စုံအောင် လေ့လာကြရန်လိုအပ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ၂၀၂၄ ခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့အထိမ်းအမှတ် ပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် မတ် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မေ ၂၆ ရက်တွင် ကမ္ဘာ့မူပိုင်ခွင့်နေ့အခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့မူပိုင်ခွင့်နေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "Building Our Common Future with Innovation and Creativity" ခေါင်းစဉ်ဖြင့် Animation၊ ကွန်ပျူတာပိုစတာနှင့် TikTok ပြိုင်ပွဲများကို မြန်မာနိုင်ငံသားတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

အဆိုပါ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို မူပိုင်ခွင့်ဦးစီးဌာန Website ၏ သတင်းများ(news) Menu အောက်ရှိ ပြိုင်ပွဲဖိတ်ခေါ်ခြင်း စာမျက်နှာဖြစ်သည့် https://www.ipd.gov.mm/news/post-97 လင့်ခ်တွင် အသေးစိတ်လေ့လာနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင် "Animation၊ ကွန်ပျူတာပိုစတာနှင့် TikTok" လက်ရာများ၏ Hard copy ကို မူပိုင်ခွင့်ဦးစီးဌာန ရုံးအမှတ်(၅၂)နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှလည်းကောင်း၊ Soft Copy များကို worldipdaycontest@ipdept.gov.mm သို့ လည်းကောင်း မေ ၉ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

ဆုများကို သက်ဆိုင်ရာပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုတို့ကို မေ ၂၆ ရက်တွင် ကျင်းပမည့် ကမ္ဘာ့မူပိုင်ခွင့်နေ့အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၀-၃-၂၀၂၄ (ဗုဒ္ဓဟူးနေ့)**

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူကြားကပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၁၉**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင်ကျရောက်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးတပ်ရင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့ပေါ်မှ ရဟန်းသံဃာများနှင့် ပြည်သူများက စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် သွေးအလှူရှင်များက လှူဒါန်းသော သွေးပုလင်းများကို တိုင်းမှူးက မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များတွင်လည်း စုပေါင်းသွေးလှူဒါန်းပွဲများ ပြုလုပ်ခဲ့ကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ စုစုပေါင်းသွေးပုလင်း ၄၂၄ ပုလင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



သံဃာတော်များ စုပေါင်း သွေးလှူဒါန်းနေမှုကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ကြည့်ရှုအားပေးစဉ်။

# ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်း နယ်မြေခံ ဆေးကုသရေး အဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ အာဠဝီဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၁၁ ပါးနှင့် ဒေသခံပြည်သူ ၁၀၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဠဝီဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များ၌ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မတ် ၁၉**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက် ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အသိပညာ၊ အတတ်ပညာတိုးပွားစေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ဖွင့်လှစ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး သင်တန်းသား၊သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း အဆိုပါသင်တန်းများကို ယနေ့တွင် ဖွင့်လှစ်ခဲ့ပြီး တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များရှိ သင်တန်းများ၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၃၇၀ ကို ယနေ့မှ မတ် ၂၉ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များ၌ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂါနေ့အဖြစ် စိတ်ကြိုက်မြန်မာစာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၉**

၂၀၂၃-၂၀၂၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် အင်္ဂါနေ့အဖြစ် စိတ်ကြိုက်မြန်မာစာဘာသာရပ်အတွက် ပြည်တွင်း၌ စာစစ်ဌာနနှစ်ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ နှစ်ဦးရှိပြီး လာရောက်ဖြေဆိုသူ တစ်ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၃-၂၀၂၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ကလေးနည်းပညာတက္ကသိုလ်အနီးရှိ နေအိမ်အချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးနည်းပညာတက္ကသိုလ်အနီးရှိ ထိုမာကျေးရွာနှင့် ဇင်းကလင်းကျေးရွာကြားရှိ နေအိမ်အချို့ကို မတ် ၁၇ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် မြို့ရွာများ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေသည်ကို မနာလိုမရှုဆိတ်ဖြစ်ကာ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် အများပြည်သူနေထိုင်ရာ ကျေးရွာများအတွင်းနှင့် စာသင်ကျောင်းများ၊ တက္ကသိုလ်များကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ်များ၊ ပညာရေးအဆောက်အအုံများ မီးလောင်ပျက်စီးခဲ့ခြင်း၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်သေဆုံးခဲ့ရသည်။ ထို့ပြင် တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် လူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို မိဘပြည်သူများအနေဖြင့်လည်း သိရှိပြီးဖြစ်သည်။

ယခုဖြစ်စဉ်သည်လည်း အကြမ်းဖက် သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မတ် ၁၇ ရက်တွင် ကလေးနည်းပညာတက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ကလေးနည်းပညာတက္ကသိုလ်အနီးရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# မတ္တရာမြို့နယ် ရွှေစုကျေးရွာမှ နာရေးကူညီမှုအသင်းရုံးနှင့် ကားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ပြီး မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရွှေစုကျေးရွာကို မတ် ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ပစ်ခတ်ဝင်ရောက်ပြီး နာရေးကူညီမှု ပရဟိတအသင်းရုံးနှင့်ကားကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ရွှေစုကျေးရွာမှ နာရေးကူညီမှုအသင်းရုံးနှင့် ကားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း သိရှိရသည်။ မတ္တရာမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်အတွက် ဒေသခံပြည်သူများနှင့် လက်တွဲ၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်က အများပြည်သူ အသုံးပြုလျက်ရှိသည့် ရွှေစုကျေးရွာနှင့် လက္ကောင်းကြီးကျေးရွာသွား မြေသားလမ်းပေါ်တွင် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသဖြင့် ပြည်သူများ ထိခိုက်မှုမရှိစေရန်အတွက် စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ရကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံကာ သတင်းတု၊ သတင်းမှားများကို တစ်ဖက်သတ် စွပ်စွဲရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Htun Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက်နေ ထွန်းလင်းအား ညနေ ၄ နာရီ ၅၅ မိနစ်တွင် မုပ္ပန်နယ်မြေရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူကြားက ပြည်သူစကား" အစီအစဉ်မှ **"နယ်တစ်နယ် ဒေးတစ်ဇင်း စိတ်ကြိုက်မင်းမူ အဓမ္မဆက်ကြေးယူ၍ ပြည်သူအား အကြမ်းဖက်နိုပ်စက်နေသည့် PDF"** ခေါင်းစဉ်ဖြင့် ၂၀-၃-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ရာဇဝတ်မှုများကျူးလွန်နေကြသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းတွင် နှင်းမုန်တိုင်းတိုက်ခတ်သဖြင့် နှင်းလျှောစီးသူနှစ်ဦး သေဆုံး



**မော်စကို မတ် ၁၉**

ရုရှားနိုင်ငံ ကမ်ချက်ကာကျွန်းတွင် မတ် ၁၈ ရက်က နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် နှင်းလျှောစီးသူနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကမ်ချက်ကာကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူနှစ်ဦးမှာ အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၄၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ရေခဲတောင်နှင်းလျှောစီးအဖွဲ့ဝင်များဖြစ်ကြကာ နှင်းလျှောစီးရာမှ ရေခဲပြိုကျမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ရေခဲတောင်ပြိုကျမှုကြောင့် ပိတ်မိနေသောနှင်းလျှောစီးသူများကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ နှင်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသူများမှာ အဖွဲ့ဝင် ၁၁ ဦး ပါဝင်သည့် ရေခဲတောင် နှင်းလျှောစီးသူများဖြစ်ကြပြီး သေဆုံးသူနှစ်ဦးမှအပ ကျန်အဖွဲ့ဝင်များကို အချိန်မီကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ရုရှားအရေးပေါ်ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကရာစနီအာမေစကီးတောင်မှာ အဖွဲ့ဝင် ၁၁ ယောက်ပါဝင်တဲ့အဖွဲ့ဟာ နှင်းလျှောစီးခဲ့ကြတယ်။ နှင်းလျှောစီးနေစဉ် ရုတ်တရက် နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီး ရေခဲတောင်ပြိုကျခဲ့တယ်။ ရေခဲတောင်ပြိုကျမှုကြောင့် နှင်းလျှောစီးအဖွဲ့ဝင် ၁၁ ယောက်ထဲက နှစ်ယောက် သေဆုံးသွားခဲ့ပါတယ်။ ကျန်တဲ့သူတွေကို အရေးပေါ်ကယ်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နှင်းမုန်တိုင်းကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းပေးဖို့ အခက်အခဲရှိနေပါတယ်။ နှင်းမုန်တိုင်းတည်ငြိမ်သွားရင်တော့ ဘေးလွတ်ရာကိုအမြန်ဆုံး ရွှေ့ပြောင်းပေးမှာဖြစ်ပါတယ်"ဟု ရုရှား အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ပါပူဝါးနယူးဂီနီနိုင်ငံ ဆင်ဘူပြည်နယ်တွင် ရေကြီးခြင်းနှင့်မြေပြိုခြင်းကြောင့် လူ ၂၃ ဦးသေဆုံးပြီး နေအိမ်အများအပြား ပျက်စီး

**ပို့မော့စဘီ မတ် ၁၉**

ပါပူဝါးနယူးဂီနီနိုင်ငံ ဆင်ဘူပြည်နယ်တွင် မတ် ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းကြောင့် လူ ၂၃ ဦးထက်မနည်း သေဆုံးပြီး နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာဗဟိုဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပါပူဝါးနယူးဂီနီနိုင်ငံ ဆင်ဘူပြည်နယ်တွင် မတ် ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံခြင်းနှင့်မြေပြိုခြင်းကြောင့် အမျိုးသမီးနှင့်ကလေးငယ်များအပါအဝင် လူ ၂၃ ဦးထက်မနည်း ရွှံ့မြေနှင့်အပျက်အစီးများ ဖိမိ၍သေဆုံးခဲ့ကာ နေအိမ်အများအပြား ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟိုဌာနမှ ဒါရိုက်တာ လူဆက်တီမန်းက ပြောကြားခဲ့သည်။

"ဆင်ဘူပြည်နယ်ရဲ့ နေရာတော်တော်များများမှာ ရေကြီးမှုဖြစ်ပွားနေပြီး နေရာသုံးနေရာမှာ မြေပြိုမှုကြောင့် လူ ၂၃ယောက်ထက်မနည်း အပျက်အစီးတွေအောက်မှာနစ်မြုပ်ခဲ့ပါတယ်။ မိုးရွာသွန်းမှု၊ မြေပြိုမှုနဲ့ မြစ်ရေလျှံတက်မှုတွေက ဆက်လက်ဖြစ်ပေါ်နေတဲ့အတွက်ပျက်စီးဆုံးရှုံးမှုလဲ များနေပါတယ်"ဟု ဒါရိုက်တာ လူဆက်တီမန်းက ပြောကြားခဲ့သည်။

အစိုးရက ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွားရာ ဒေသများတွင် စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေး ပံ့ပိုးငွေများပေးအပ်ခဲ့ပြီး ဆင်ဘူပြည်နယ်ရှိ ခရိုင်ခြောက်ခရိုင်အတွင်း လူဦးရေ ၃၇၆၀၀၀ ခန့် နေထိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**



## ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ ထိ အသုံးပြုသွားမည်

**အော့တဝါ မတ် ၁၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးခေါင်မှုပြဿနာများကို ရေရှည်စီမံကိန်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၈၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၂ ခုနှစ်အတွင်း မိုးခေါင်သည့်ပြဿနာ အဆိုးရွားဆုံးအခြေအနေဖြစ်ခဲ့ကြောင်း၊ မိုးခေါင်ပြီးအပူချိန် မြင့်တက်ခဲ့ခြင်းကြောင့် တောမီးလောင်ကျွမ်းမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ယခုနှစ်တွင်လည်း မိုးခေါင်သည့်ပြဿနာဖြင့် ထပ်မံရင်ဆိုင်ရဖွယ်ရှိနေပြီး မိုးခေါင်မှုလျော့ချရေးအတွက် ရာသီဥတုပြောင်းလဲမှုကို လျော့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ မိုးခေါင်သည့် ကာလအတွင်း သောက်သုံးရေ လုံလောက်မှုရှိစေရေးအတွက်လည်း လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဗြိတိသျှကိုလံဘီယာပြည်နယ်မှာ မိုးခေါင်တဲ့ပြဿနာနဲ့ ကာလရှည်ရင်ဆိုင်နေရတယ်။ မိုးခေါင်မှုကြောင့် နောက်ဆက်တွဲပြဿနာတွေ တော်တော်လေးများတယ်။ စိုက်ပျိုးရေးကဏ္ဍကိုလဲ ကြီးမားတဲ့ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေပြီးတော့ သောက်သုံးရေရှားပါးတဲ့ ပြဿနာတွေနဲ့လဲ ရင်ဆိုင်ခဲ့ရတယ်။ နောက်ထပ် ကြီးမားတဲ့ပြဿနာကတော့ တောမီးလောင်ကျွမ်းမှုပဲ ဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေလျော့ချနိုင်ဖို့နဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာဖို့အတွက် မိုးခေါင်မှုလျော့ချရေးကို စီမံချက်နဲ့ဆောင်ရွက်သွားမယ်။ သောက်သုံးရေလုံလောက်မှုရှိစေရေးအတွက်လဲ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်သွားမယ်။ အမေရိကန်ဒေါ်လာသန်း ၈၀ ထိ အသုံးပြုသွားမှာဖြစ်ပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ စတမ်းက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## ၂၀၂၃ ခုနှစ်အတွက် လေထုညစ်ညမ်းမှု တတိယအများဆုံးနိုင်ငံအဖြစ် အိန္ဒိယရပ်တည်

**နယူးဒေလီ မတ် ၁၉**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQ Air ကုမ္ပဏီက ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ်အတွက် လေထုညစ်ညမ်းမှုအစီအရင်ခံစာအရ အိန္ဒိယနိုင်ငံက လေထုညစ်ညမ်းမှု တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

IQ Air ကုမ္ပဏီ၏ ထုတ်ပြန်ချက်များအရ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့နောက်မှကပ်လျက် ကမ္ဘာပေါ်တွင် တတိယမြောက် လေထုညစ်ညမ်းမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော လေထုထဲတွင် PM 2.5 အမှုန်အမွှား ပါဝင်မှုအဆင့်ထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် အဆိုပါနိုင်ငံများ၌ လေထုအတွင်း PM 2.5 အမှုန်အမွှားပါဝင်မှုမှာ နိုင်ငံတစ်နိုင်ငံအတိုင်းအတာအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်ကုဗမီတာလျှင် ၇၉ ဒသမ ၉ မိုက်ခရိုဂရမ်၊ ပါကစ္စတန်နိုင်ငံတွင် တစ်ကုဗမီတာလျှင် ၇၃ ဒသမ ၇ မိုက်ခရိုဂရမ်နှင့် အိန္ဒိယနိုင်ငံတွင် တစ်ကုဗမီတာလျှင် ၅၄ ဒသမ ၄ မိုက်ခရိုဂရမ် ပျမ်းမျှပါဝင်လျက်ရှိပြီး အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘေးကင်းမှုသတ်မှတ်ချက် ၅ မိုက်ခရိုဂရမ်ထက် ၁၀ ဆကျော် ပိုမိုများပြားနေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့သည်လည်း ၂၀၂၃ ခုနှစ်တွင် လေထုအတွင်း PM 2.5ပါဝင်မှု မြို့တစ်မြို့အတိုင်းအတာ တစ်ကုဗမီတာလျှင် ၉၂ ဒသမ ၇ မိုက်ခရိုဂရမ်ဖြင့် ကမ္ဘာ့လေထုညစ်ညမ်းမှုအရှိဆုံး မြို့တော်များစာရင်းတွင် စတုတ္ထအကြိမ်မြောက် ပါဝင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေ ၉၆ ရာခိုင်နှုန်းခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် PM 2.5 ပါဝင်မှုအဆင့်ထက် ပိုမိုမြင့်မားမှုဖြင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အိန္ဒိယနိုင်ငံမြို့ကြီးများ၏ ၆၆ ရာခိုင်နှုန်းကျော်သည်လည်း နှစ်စဉ်ပျမ်းမျှတစ်ကုဗမီတာလျှင် PM 2.5 ပါဝင်မှု ၃၅ မိုက်ခရိုဂရမ်ထက် ပိုမိုမြင့်မားလျက်ရှိကြောင်း အစီအရင်ခံစာတွင် ဖော်ပြထားသည်။

**Ref : Sputnik News**
**Trs : AZH**

## ဟဂျီးနီးယားပြည်နယ်တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကြောင့် ဝေလငါးများအပေါ် ရိုက်ခတ်မှုရှိခဲ့သည့်အတွက် အိမ်ဖြူတော်အစိုးရကို တရားစွဲဆို

**ဝါရှင်တန် မတ် ၁၉**


အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရာ၌ ရေရေီယာအတွင်း ဝေလငါးများအပေါ် ရိုက်ခတ်မှုများရှိလာသည့်အတွက် Three right-wing အဖွဲ့အစည်းက အိမ်ဖြူတော်အစိုးရကို မတ် ၁၈ ရက်က တရားစွဲဆိုမှုပြုလုပ်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရားစွဲဆိုမှုကို Heartland Institute, Committee for a Constructive Tomorrow (CFACT) အဖွဲ့အစည်းနှင့် National Legal and Policy Centerတို့မှ တစ်ဆင့် တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း၊ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကြောင့် ဗာဂျီးနီးယားကမ်းခြေတွင် ဝေလငါးများအပေါ် ရိုက်ခတ်မှု ရှိ၊ မရှိ ကိစ္စရပ်အပေါ် National Marine Fisheries Service(NMFS)က သုတေသန ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"NMFS သုတေသီအဖွဲ့ရဲ့ သုတေသနရလဒ်တွေအရ ဗာဂျီးနီးယားကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကြောင့် ဂေဟစနစ်တချို့ကို ထိခိုက်စေသလို ရေအောက်သတ္တဝါတွေအပေါ်မှာလဲ ရိုက်ခတ်မှုတွေ ရှိစေပါတယ်။ အထူးသဖြင့် ဗာဂျီးနီးယားကမ်းခြေမှာ ကျင်လည်ကျက်စားနေတဲ့ ဝေလငါးတွေအပေါ်မှာ ရိုက်ခတ်မှုတွေဖြစ်ပေါ်စေပါတယ်။ ရေအောက်သတ္တဝါတွေရဲ့ အနာဂတ်အတွက် အိမ်ဖြူတော်အစိုးရကို တရားစွဲဆိုသွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု Three right-wing အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျိမ်းစ်တေလာက ပြောကြားခဲ့သည်။

အိမ်ဖြူတော်အစိုးရအနေဖြင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျော့ချရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းကြောင့် ထိခိုက်မှုများရှိနိုင်သော်လည်း အကျိုးအမြတ်များသည့်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**



# အညာသားစကား

နေထူး

(၁)

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားကွင်းထဲက ကားဂိတ်တစ်ခုတွင် ကိုစိုးအောင်နှင့်အတူ ဇနီး မနွယ်နီတို့က ကားပေါ်သို့ရောက်ရှိသွားပြီဖြစ်သည်။ ၁၂နှစ်သားအရွယ် သားလေးဘုန်းမြတ်စိုးကို လက်ကလေးပြနေပြီး လိမ်လိမ်မာမာနေရန်နှင့် ဦးဦး၊ ဘိုးဘိုး၊ ဘွားဘွားတို့စကားကို နားထောင်ရန်ကိုလည်း မှာနေသည်။

သားလေးဘုန်းမြတ်စိုးကတော့ ခရီးထွက်ရမည်ဆိုပြီး ကားကြီးပေါ်တွင် သူ၏ဖခင် ကိုစိုးအောင်၏ ညီနှင့်အတူ ပြုံးပြုံးရွှင်ရွှင်ဖြင့် နှုတ်ဆက်လက်ပြနေလေသည်။

မနွယ်နီကတော့ ၁၂နှစ်အရွယ်သားလေးကို အဖေ၊ အမေမပါဘဲ ခရီးဝေးကိုမလွှတ်ချင်ပေ။ နွေရာသီကျောင်းပိတ်ရက်လေးတွင် သင်တန်းလေးတစ်ခုခု တက်စေချင်ခဲ့သည်။ သို့သော် ခင်ပွန်းဖြစ်သူ ကိုစိုးအောင်က သူ၏သားလေးကို စာပြီးရင်းစာ တစာစာ သင်မနေစေလို့၊ နားချိန်မှာနားစေချင်သည်။ ထို့ကြောင့် ရွာက ကိုစိုးအောင်၏ညီကိုခေါ်ပြီး သားလေးကို သူ့အဘိုး၊ အဘွားတို့ရှိရာ ကျောက်ပန်းတောင်း ပုပ္ပားဘက်သို့ လေ့လာရေးခရီးရော ဆွေမျိုးများဆီပါ လည်ပတ်စေခဲ့သည်။

ခဏနေတော့ ခရီးသည်တင်ကားကြီးက တဖြည်းဖြည်းချင်းထွက်ခွာသွားသည်ကို မျက်စိတစ်ဆုံးကြည့်ပြီး မနွယ်နီက မျက်ရည်ကျနေ၍ ကိုစိုးအောင်က-

"ဟ နွယ်ဘယ်လိုဖြစ်တာလဲ။ ဘေးမှာလူတွေကြည့်နေကြတယ်လေ"ဟု ဟန့်လိုက်မှ မျက်ရည်စလေးများကို ပဝါဖြင့်သုတ်လိုက်ပြီး နောက်ထပ်ကျလာမည့် မျက်ရည်များကိုလည်း ထပ်မကျမလာစေရန် မျက်လုံးလေးကို ပေကလတ်ပေကလတ်လုပ်နေလေတော့သည်။

ကိုစိုးအောင်နှင့် မနွယ်နီတို့က အသက်ကြီးမှ အိမ်ထောင်ကျသည်ဟု ပြော၍ရသည်။ သူတို့အိမ်ထောင်ကျတော့ မနွယ်နီက ၃၂ နှစ်ခန့်ရှိပြီး ကိုစိုးအောင်က မနွယ်နီထက် သုံးနှစ်ခန့်ကြီးသော လူပျိုကြီး၊ အပျိုကြီး စုံတွဲများဖြစ်ကြသည်။

မနွယ်နီက ရန်ကုန်သူစစ်စစ်ဖြစ်ပြီး ကိုစိုးအောင်က ကျောက်ပန်းတောင်းဇာတိဖြစ်သည်။

သူတို့နှစ်ယောက်ဆုံကြတာကတော့ ရန်ကုန်မြို့က ကုမ္ပဏီကြီးတစ်ခုတွင်ဖြစ်ပြီး မနွယ်နီက ကုမ္ပဏီစာရင်းကိုင်ဖြစ်ကာ သူဌေးနှင့်ဆွေမျိုးမကင်းသူဖြစ်သည်။ ကိုစိုးအောင်ကတော့ သူဌေး၏ ကားမောင်းရင်းဖြင့် သူဌေး၏အားကိုးရသည့်လူယုံကဲ့သို့ဖြစ်လာခဲ့သည်။

သူတို့တစ်တွေဆုံစက မနွယ်နီက ကိုစိုးအောင်ကိုကြည့်မရခဲ့ပေ။ စကားပြောလျှင်အသံကျယ်ကျယ်ဖြင့်ပြောတတ်ပြီး နေရာတကာစပ်စပ်စပ်ပါတတ်သူလည်းဖြစ်သည်။ စကားပြောလျှင်လည်း အဘိုးကြီးအိုလေးလို ပုံတိုပတ်စလေးနှင့်ပြောတတ်၍ တစ်ရုံးလုံးက ချစ်ခင်ကြသော်လည်း မနွယ်နီကတော့ နည်းနည်းလေးမှကြည့်မရခဲ့ပေ။

အဆိုးဆုံးကတော့ ရောမကိုရောက်ပြီး ရောမလိုမကျင့်သုံးတတ်သူလို့မြင်နေတာလည်းပါသည်။ ဥပမာ အနေဖြင့်ပြောရလျှင် မနွယ်နီတို့က ပိုက်ဆံကို ပိုက်ဆံဟု ပီပီသသပြောတတ်ကြသော်လည်း ကိုစိုးအောင်ကတော့ ပိုက်ဆပ်၊ ပိုက်ဆပ် ဟုပြောသည်။

တစ်ခါတလေ ဘဏ်ကို ငွေထုတ်ကိစ္စဖြစ်ဖြစ်၊ အခြားရုံးပိုင်းကိစ္စဖြစ်ဖြစ် သူမောင်းသည့်ကားနှင့်သွားရသည့်အခါမျိုးဆိုလျှင် ကားတံခါးပိတ်တာကို အပေါက်ပိတ်သည်ဟု ဆိုတတ်၍ ပြုံးချင်သလို ဖြစ်သော်လည်း မျက်နှာကြောမတည့်လှတာကြောင့် မျက်နှာ ကိုတည်ပြီး တင်းထားလိုက်ရသည်။

(၂)

တစ်နေ့မှာတော့ အလုပ်ထဲကပိုင်တစ်ပိုင်မနွယ်နီ အိမ်မှာကျန်ခဲ့၍ မနွယ်နီက လိပ်စာပေးပြီး ကိုစိုးအောင်ကို ယူခိုင်းလိုက်မိသည်။ တစ်နာရီလည်းပေါ်မလာ၊ နှစ်နာရီလည်းပေါ်မလာ၍ ဒေါသထွက်နေပြီး အတော်လေးကြာမှ ပြန်လာသူ ကိုစိုးအောင်ကို ပြစ်တင်စကားဆိုလိုက်မိသည်။

သူကတော့ အင်းလည်းမလုပ်၊ အဲလည်းမလုပ်ဘဲ မျက်နှာသေလေးဖြင့်လုပ်နေ၍ ဒေါသက ပိုထွက်သွားသည်။ ညနေရုံးဆင်းလို့ အိမ်ကိုရောက်မှ အိမ်ရာထဲမှာမေ့နေသည့် ဖခင်ဖြစ်သူက ရွတ်တရက် ခေါင်းထဲက မူးလာလို့ နံနက်က ကားဆရာလေးက ဆေးခန်းကို လိုက်ပို့ပေးရုံသာမက လိုတာများလုပ်ပေးပြီး ဇက်ကြောလေးပင် ဆွဲပေးသွားကြောင်း ဖခင်ကြီးက ပြောပြမှ မနွယ်နီတစ်ယောက် ကိုစိုးအောင်ကို အားနာသွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနေ့ကစပြီး ဖေဖေ့ပါးစပ်က မောင်စိုးအောင်က မချတော့ပေ။ မေမေဆုံးပြီးကတည်းက ခပ်အေးအေးနေတတ်သည့် ဖေဖေတော်ရုံလူကို မခင်တွယ်တတ်သော်လည်း ကိုစိုးအောင်ကိုတော့ အတော်လေးခင်မင်သွားခဲ့သည်။

နောက်တစ်နေ့ ရုံးကိုရောက်မှ ကိုစိုးအောင်ကို တောင်းပန်လိုက်သော်လည်း ဖေဖေမူးနေတာမပြောပြ၍ စိတ်ဆိုးဟန်လုပ်လိုက်တော့ ကိုစိုးအောင်က ပြန်တောင်းပန်နေသဖြင့် ဟန်မဆောင်နိုင်ဘဲ ရယ်မောလိုက်မိသည်။

အဲဒီနေ့ကစပြီး မနွယ်နီ၏ နှလုံးသားတစ်နေရာမှာ အညာသားကြီး ကိုစိုးအောင်က တဖြည်းဖြည်းချင်း ဝင်ရောက်လာခဲ့သည်။

ကိုစိုးအောင်ကတော့ ဖေဖေနှင့်အဖွဲ့ကျနေသော်လည်း မနွယ်နီရှိသည့် အချိန်မျိုးကိုရှောင်ပြီး အိမ်ကိုအဝင် အထွက်လုပ်တတ်သည်။ တစ်ခါတစ်ရံအိမ်မှာ နန်းကြီးသုပ်လေးသုပ်စားဖြစ်သည့် အချိန်မျိုးမှာတော့ ကိုစိုးအောင်လာတတ်ပြီး အားပါးတရစားတတ်သည်။ ရန်ကုန်က မုန့်ဟင်းခါးကို သူ မစားတတ်ကြောင်းနှင့် ပဲမုန့်ဖြင့် သုပ်သည့်နန်းကြီးသုပ်က သူတို့ဒေသမှာ စားရသည့် မုန့်ဟင်းခါးလက်သုပ်နှင့်တူကြောင်းကိုလည်း စကားဆိုတတ်သည်။

အိမ်မှာလိုအပ်သည့် မီးလုံးလဲတာ၊ ဘေစင်ပိုက်ပိတ်တာတို့ကအစ လိုတာလေးများကိုလည်း လုပ်ပေးသွားတတ်သည်။ မနွယ်နီအဖေကတော့ အရောဝင်သော်လည်း အရိုအသေတန်သည့်အပြုအမူမျိုးမရှိသော ကိုစိုးအောင်ကို သဘောအကျကြီးကျနေပြီး အကွက်ဝင်တိုင်း ကိုစိုးအောင်၏ မိဘအခြေအနေ၊ ကိုစိုးအောင် ဖြတ်သန်းမှုတို့ကို လူကြီးပီပီမသိမသာလေး နှိုက်ထုတ်နေတတ်ပြန်သည်။

သူ့ဘဝသူ့အကြောင်းကို အကြွားမပါဘဲ ဝေဝေဆာဆာပြောပြတတ်၍ မနွယ်နီ၏ ဖခင်ကြီးသာမက မလှမ်းမကမ်းကနေ မသိမသာခိုးပြီးနားထောင်နေမိသည့် မနွယ်နီပင် ကရုဏာမျက်ရည်လေးများစို့မိခဲ့သည်။

သည်လိုနှင့် အီလည်လည်ဖြစ်နေသည့် ကိုစိုးအောင်နှင့် မနွယ်နီတို့ကို ကုမ္ပဏီပိုင်ရှင်အန်ကယ်ကြီး၏စေ့စပ်တိုက်တွန်းအားပေးမှုတို့ကြောင့် ထူနှစ်ကိုယ်တိုင်းပြည်လေးထူထောင်ခဲ့ကြသည်။

မနွယ်နီ၏ ဖေဖေဆုံးသွားတာ ၁၀နှစ်ပင်ကျော်သွားခဲ့ပြီဖြစ်သလို သားလေးဘုန်းမြတ်စိုးပင် ၁၂နှစ်အတွင်းသို့ ရောက်ရှိခဲ့လေပြီ။ ကားမောင်းနေရာမှ မနွယ်နီလက်ကလေးကို ကိုစိုးအောင်က ခပ်ဆတ်ဆတ်လေး ဖျစ်ညှစ်လိုက်သောကြောင့် မနွယ်နီ၏ အတွေးများက တစ်စစီလွင့်ပြယ်သွားကာ ကိုစိုးအောင်လက်ကလေးကို ခပ်ဖွဖွလေး အုပ်ကိုင်လိုက်ပြီး ခြောက်သွေ့စပြုနေသည့် မျက်ရည်စလေးများကို ပဝါစလေးဖြင့် ပွတ်နေမိပြန်သည်။

"ကို သိပါတယ် နွယ်ရယ်။ နွယ် သားလေးကို စိတ်မချဖြစ်နေတာမဟုတ်လား။ စိတ်ချပါ သူ့ဦးတွေနဲ့ အဘိုး၊ အဘွားတွေက မျက်စိအောက်ကအပျောက်ခံကြမှာမဟုတ်ပါဘူး။ အခုလို နွေရာသီကျောင်းပိတ်ရက်လေးမှာ မိဘတွေမပါဘဲ သွားလာခဲ့ရတာတွေက သားလေးအတွက် အမှတ်တရတွေ၊ သင်ခန်းစာယူစရာတွေ ရစေချင်လို့ပါ။ ကိုလဲ သားလေးကိုစိတ်ပူတာပါပဲ။ ဒါပေမဲ့ ကိုတို့ နွယ်တို့က အသက်တွေတဖြည်းဖြည်းကြီးလာပြီး တိမ်းပါးသွားခဲ့ရင်လဲ သားလေးက သူ့ဘာသာသူရပ်တည်နိုင်အောင် တဖြည်းဖြည်းချင်း လေ့ကျင့်ပေးကြရမှာပေါ့" ဟု ပြောပြီး ကားရှုပ်နေသောကြောင့် ကားကိုသာ ဂရုစိုက်မောင်းနေပြန်တော့သည်။

(၃)

"ကိုဘဝမှာလေ အိမ်ကအဖေ၊ အမေနဲ့ ဆွေမျိုးတွေမပါဘဲ ရွာကတောကျောင်းဆရာတော်ကြီးနဲ့ မန္တလေးမြို့ကိုဘုရားဖူးသွားခဲ့ရတဲ့ ၁၂နှစ်သားအရွယ်က အတွေ့အကြုံလေးကို အခုထိမေ့လို့မရခဲ့ဘူး။ လွန်ခဲ့တဲ့ အနှစ်၃၀လောက်က နွေရာသီကျောင်းပိတ်ရက်တစ်ခုမှာ တောကျောင်းဆရာတော်ကြီးက မန္တလေးမြို့ကိုကြွဖို့ရှိလို့ အသွားအပြန် လမ်းစရိတ်သာယူခဲ့ကြ၊ မန္တလေးနဲ့စစ်ကိုင်းကို ဘုရားဖူးပို့တယ်။ ထမင်းစားဖို့ကို ဆရာတော်ကြီးက တာဝန်ယူခဲ့တယ်။ ကိုတို့ကလေးတွေအတွက်တော့ တကယ့်အထူးအဆန်းတွေချည်းပဲ။ ခံ့ညားလှတဲ့ မန္တလေးကျုံးကြီးရယ်၊ ရင်သပ်ရှုမောရတဲ့ မန္တလေးနန်းတော်ကြီးရယ်၊ မန္တလေးမြို့ဂုဏ်ကျက်သရေဆောင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရယ်၊ မန္တလေးတောင်ပေါ် ကမြေကြီးနှစ်ကောင်ရယ်၊ တစ်ခါမှမစီးဖူးတဲ့ မန္တလေးတောင်က ဓာတ်လှေကားကြီးရယ်၊ ထူးထူးခြားခြားရှိလှတဲ့ တောင်သမန်အင်းကြီးရယ်ကွာ ဘယ်တော့မှမေ့လို့မရခဲ့ဘူးရယ်။ မန္တလေးမြို့ကနေ စစ်ကိုင်းကိုကူးကြတော့ ကားပေါ်မှာကားမူးနေလို့ ဈေးသည်အဒေါ်ကြီးဆီက ကွမ်းရွက်လေးတောင်းလိုက်တော့ ဘာလုပ်မလို့လဲလို့မေးတော့ ကားမူးလို့ရှူချင်လို့ပါလို့ ပြောလိုက်တာနဲ့ အဒေါ်ကြီးက သူ့ခေါင်းက စံပယ်ပန်းကုံးလေးကို ဖြုတ်ပေးခဲ့တာကအစ အခုထိကို မေ့လို့မရခဲ့ဘူး။ ပြီးတော့ ကိုတို့ကလေးတွေ သဘောအကျဆုံးတစ်ခုက မန္တလေးဈေးချိုတန်းထဲက ထိုးမုန့်ဆိုင်တွေပဲ။ ဝယ်ဝယ်၊ မဝယ်ဝယ် အမြည်းကျွေးတာတွေ အလကားစားခဲ့ရလို့ပဲ"ဟု ပြောပြီး ကိုစိုးအောင်က ပြုံးနေပြန်တော့သည်။

"အခု ကိုတို့သားလေး ဘုန်းမြတ်စိုးကလဲ အညာကကျောက်ပန်းတောင်းမှာ ဒေသအလှနဲ့ သီးပင်စားပင်တွေအကြောင်းရယ်၊ ကိုတို့ပုပ္ပားက ပုပ္ပားတောင်ကလပ်ကြီးကိုလဲ ရောက်မယ်ကွာ။ ပြီးတော့ မြန်မာမုန့်ရင် တစ်ကြိမ်တစ်ခေါက်တော့ ရောက်သင့်ပါတယ်ဆိုတဲ့ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်တွေတည်ရှိရာ ပုဂံဘုရားအစုံကိုလဲရောက်အုံးမယ်ကွာ။ ဘဝမှာပညာကလဲ အရေးပါသလိုပဲ ဒေသန္တရ ဗဟုသုတကလဲ အရေးပါပါတယ်"ဟု ပြောပြီးနှစ်သိမ့်နေပြန်လေတော့သည်။

အညာသားကြီးကို ချစ်ခဲ့မိလို့ ခင်ပွန်းသည်တစ်ယောက်အဖြစ် လက်ခံခဲ့မိသည့် မနွယ်နီကတော့ အညာသားကြီး၏စကားကိုပါ လက်ခံနေမိပါတော့သည်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲများတွင် ဧက ၅၇၂၀ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကသာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲများတွင် ဧက ၅၇၂၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၅၇၂၀ နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၆၂ ဒသမ ၅၁ တင်းထွက်ရှိကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ဧက ၃၁၈၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ မြေပဲ ဧက ၅၇၂၀ နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ဧကတွေကို ဆက်လက်နုတ်သိမ်းနေပါတယ်။ အထွက်နှုန်းအနေနဲ့ကောင်းမွန်ကြပါတယ်။ မြေပဲဟာ ဆီထွက်သီးနှံ တစ်မျိုးဖြစ်ပြီး မြေပဲဆန်ဈေးနှုန်းအနေနဲ့ ကောင်းမွန်တဲ့အတွက် တောင်သူတွေ တွက်ခြေကိုက်မှုရှိပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၇၂၃၇ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဧက ၃၁၈၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# သရက်မြို့နယ် ကျဉ်းကျေးရွာ၌ မြစ်ရေတင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် မတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကျဉ်းကျေးရွာ၌ မြစ်ရေတင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ရေပေးရေးကော်မတီဝင်များနှင့်အတူ မြစ်ရေတင်ခြင်းလုပ်ငန်း၊ ရေပိုက်သွယ်တန်းခြင်း၊ ပွန်းတွန်းတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် ကျဉ်းကျေးရွာ၌ မြစ်ရေတင်ခြင်းလုပ်ငန်း၊ ပေ ၁၈၀၀ ရေပိုက်သွယ်တန်းခြင်း၊ ပွန်းတွန်းတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၇၁သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၃ ခုနှစ်ဇူလိုင် ၁၀ရက်ကစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

ဇင်မာ



# နတ်တလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းပင်ကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသားအသင်းသူ ၁၆၈ ဦးကို ငွေကျပ် ၃၇ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

## ပြုံးပန်းဆင်မြန်း ချစ်ခြင်းလွှမ်း

- လူ့ရပ်ခွင် လူ့ဘောင်ထဲ
ကောင်းဆိုးတွဲ ယှဉ်လျက်သာ၊
အားပြိုင်ရာ သတိချပ်ရင်း
တည့်မတ်ရမှာ၊
ကွဲပြားလို့ အမြင်ကြည်လာ
စိတ်ချမ်းသာ ဇောမနှောင့်၊
အဆိုးတွေ အကောင်းဖြစ်လို့
အကြောင်းလှစ်ဖွေ ရှေ့ဆက်လှမ်း
လမ်းဖြောင့်ရင်းဖြောင့်။

- ဆန္ဒတွေ ကောက်ကြောင်းထပ်
တစ်ဖက်သတ် ကြောင်းထိုထို၊
မတူညီ အမြင်တွေကြား
စည်းမခြားစေလို၊
အမြင်မှားတွေ့လမ်းပြဆို
မေတ္တာပို ဖေးမကမ်း၊
အစွန်းဝင် အမှားရှိလည်း
ပြုပြင်ကာ လမ်းမှန်သိဖို့
ထိန်းညှိရင်း လှမ်း။

- အရာရာ ကောင်းစိတ်ထားလို့
ကိန်းအောင်းပွား လျှောက်လှမ်းပါ၊
"မေတ္တာ"သည်သာ အောင်နိုင်ခြင်းမို့
ဘေးကင်းရန်ကွာ၊
ကရုဏာနဲ့ မုဒိတာ
ဆင့်ထပ်ကာ ရင်ဝယ်ထား၊
ဘဝတစ်ကွေ့မှာ
ခဏတွေ့လာ ရပ်တည်ဆုံခိုက်
မုန်းရိပ်မြူ ဇောမြူမဖုံးရအောင်
ဖြူစင်ကြည် "ခန္တီ နှလုံး"နဲ့
အပြုံးပန်းဆင် ချစ်ခြင်းလွှမ်းလို့
လှမ်းကြစို့လား။ ။

**နိုင်နိုင်နွယ်(ပညာရေး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မူလရုံးတော် အမှားကင်းပါစေချင်

**စိန်လှိုင်ပိုင်**

တရားစီရင်ရေးနယ်ပယ်တွင် မူလရုံးများ၏အခန်းကဏ္ဍသည် လွန်စွာပဓာနကျပါသည်။ မူလရုံးဆိုရာတွင် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးတို့သည် စွဲဆိုတင်ပို့လာသော အမှုများကို ကနဦးအစ စစ်ဆေးကြရပါသည်။ သက်သေအသီးသီးတို့၏ ရုံးရှေ့ထွက်ဆိုချက်များကို မူလရုံးသည် တွေ့မြင်ခွင့်၊ ကြားသိခွင့်ရရှိသလို မရှင်းလင်းသည့်အချက်များကို ရုံးမေးခွန်းထုတ်မေးခွင့်ရရှိကြပါသည်။ ရုံးရှေ့ထွက်ဆိုချက်များ၊ တင်သွင်းလာသော သက်သေခံအထောက်အထားများ တည်မှီ၍ ဆင်ခြင်သုံးသပ်ပြီးနောက် ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးနိုင်ကြသည်မှာလည်း မူလရုံးများပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကနဦး အဆုံးအဖြတ်ပြုနိုင်ကြသော မူလရုံးများ၏ တရားသူကြီးများသည် လွန်စွာမှပင် နိုင်းနိုင်းချိန်ချိန် စဉ်းစားဆုံးဖြတ်ရန် အထူးပင်လိုအပ်လှသည်။

မူလရုံး၏အဆုံးအဖြတ်ကို မကျေနပ်သူသည် အထက်အဆင့်မြင့်တရားရုံးအဆင့်ဆင့်သို့ အယူခံမှု၊ ပြင်ဆင်မှုများ တက်ရောက်ခွင့်ရှိကြသည်မှာ မှန်သော်လည်း ရာဇဝတ်ပြစ်ဒဏ် ထောင်ဒဏ်ချမှတ်ခြင်းခံရပါလျှင် ထောင်ထဲမှနေ၍ အထက်အဆင့်မြင့်ရုံးသို့ အယူခံမှု ပြင်ဆင်မှုတက်ရောက်ရခြင်းဖြစ်ပါသည်။ ရှေ့နေငှားရမ်းရခြင်းအပါအဝင် ငွေကြေးအကုန်အကျလည်း များကြရပါသည်။ နေပြည်တော်ထိတက်ရန်ကား လွယ်ကူလှသည်မဟုတ်ပါ။ အယူခံမှု ပြင်ဆင်မှုအတွက် အထက်ရုံးတော်သည် မူလရုံးမှ အမှုတွဲတောင်းခေါ်ချိန်အပါအဝင် အလှည့်ကျအချိန်ကာလတစ်ခုကိုလည်း အမှုတင်ထားသူက စောင့်ဆိုင်းကြရသေးသည်။ ထိုစောင့်ဆိုင်းနေရသည်မှာ ထောင်ကျအကျဉ်းသားဖြစ်ပါက ထောင်ထဲမှပင် စောင့်ဆိုင်းနေရခြင်းဖြစ်သည်။ လနှင့်ချီ၍ လည်း ကြာတတ်သည်။


အထက်ရုံး၌ အမှုပေါ်ပါပြီ၊ နှစ်ဖက်ရှေ့နေများက အဆင့်မြင့်ရုံးတော်ရှေ့မှောက် လျှောက်လဲချက်ပေးကြပါပြီ။ ထို့နောက် အထက်ရုံးတရားသူကြီးက အမှုတွင် ပေါ်ပေါက်ချက်များ၊ နှစ်ဖက်လျှောက်လဲချက်များအပေါ် ဝေဖန်စိစစ်သုံးသပ်၍ ဥပဒေနှင့်အညီ လျော်ကန်သင့်မြတ်သော အမိန့်ချမှတ်ရန်အတွက်လည်း အချိန်ကာလတစ်ခုကို ကျော်ဖြတ်ရပါသေးသည်။ စောင့်ဆိုင်းရချိန်မှာ အထက်ရုံးမှ မူလရုံးထံ အမှုတွဲတောင်းခေါ်ရာတွင် တစ်ကြိမ်နှင့် အမှုတွဲရောက်ရှိပြီးနောက် နှစ်ဖက်လျှောက်လဲချက်ပေးပြီးနောက် အမိန့်ချရန် တစ်ကြိမ်စောင့်ဆိုင်းရရာ နှစ်ကြိမ်စောင့်ဆိုင်းရခြင်းအတွက် ကြာမြင့်ချိန်မှာ လပေါင်းများစွာ ကြာမြင့်တတ်သည်။ တရားခံကမူ ထောင်ထဲမှပင် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ မူလရုံးများအနေဖြင့် တရားမျှတမှုရှိစေရေး တော်ဖြောင့်မှန်ကန်စေရေး အထူးပင် အလေးထားစဉ်းစားဆုံးဖြတ်သင့်လှပါသည်။

၁၉၉၃ ခုနှစ်က မူးယစ်ဆေးဝါးအမှုဖြင့် ထောင်ဒဏ် ၁၂ နှစ်တိတိကျခံစေရန် ချမှတ်ခဲ့သည့် မူလရုံး၏အမိန့်တစ်ရပ်အပေါ် အယူခံဝင်ရာတွင် မူလရုံးက ချမှတ်ထားသည့်ပြစ်ဒဏ်ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလိုအား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည့် အမှုတစ်ခုအကြောင်းကို ၁၉၉၅ ခုနှစ် တရားစီရင်ထုံးများစာအုပ်တွင် တွေ့မြင်ဖတ်ရှုလိုက်ရပါသည်။ အယူခံတရားလိုခမျာ အပြစ်မရှိဘဲ ထောင်ထဲတွင် တစ်နှစ်ခန့်နေခဲ့ရရှာသည်။

**အမှုဖြစ်စဉ်အကျဉ်း**

၁၉၉၃ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကလေးမြို့ ရဲစခန်းမှ ဒုတိယရဲအုပ် ခင်မောင်လွင်သည် မူးယစ်အဖွဲ့မှ ဒုတပ်ကြပ် ခင်မောင်သိန်း၊ ရဲတပ်သားကျော်မင်းတို့နှင့်အတူ ဂုန်နီအိတ်ထုပ်နှစ်ထုပ်အတွင်းရှိ တစ်လုံးထမင်းချိုင့် ၂၀၀ တွင် ထည့်ယူလာသော ဖန်စီဒိုင်းဆေးရည် ၉၅ ပုလင်းကို တွေ့ရှိရသဖြင့်



မောင်စန်သီယာဂူးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၅/၁၉ (က)အရ အရေးယူပေးရန် ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်ပါသည်။

စစ်ကိုင်းတိုင်းတရားရုံး (ကလေးခရိုင်)၏ ပြစ်မှုကြီးအမှတ် (၁၉/၉၃)တွင် မောင်စန်သီယာဂူးအား မူးယစ်ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၁၉(က)အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သဖြင့် တရားရုံးချုပ်သို့ အယူခံမှုကို တင်သွင်းခဲ့ပါသည်။

အယူခံတရားလို မောင်စန်သီယာဂူး၏ ရှေ့နေက "အယူခံတရားလို၏ လက်ဝယ်မှ မူးယစ်ဆေးဝါးများကို လက်ပူးလက်ကြပ်မတွေ့ရှိကြောင်း၊ အချင်းဖြစ်ပစ္စည်းများသည် အယူခံတရားလို၏ အုပ်ထိန်းခွင့် စီမံခန့်ခွဲခွင့် ကြီးကြပ်ကွပ်ကဲခွင့်အောက်တွင်လည်း မရှိကြောင်း၊ အယူခံတရားလို လက်လှမ်းမီသော ဥပစာတစ်စုံတစ်ရာနှင့် ဆက်နွယ်နီးစပ်စွာ ထားရှိသည်ဟုလည်း မပေါ်ပေါက်ကြောင်း၊ သို့ပါလျက် အချင်းဖြစ် မူးယစ်ဆေးဝါးများသည် အယူခံတရားလို၏ပစ္စည်းများ ဖြစ်နိုင်ဖွယ်အခြေအနေရှိသည်ဟူသော ထင်မြင်ယူဆချက်အပေါ် အထောက်အထားပြု၍ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ များစွာမှားယွင်းပါကြောင်း" လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက တရားလိုနှင့် လိုပြသက်သေများ၏ထွက်ဆိုချက်အရ တရားခံထံမှ သက်သေခံပစ္စည်းများကို လက်ပူးလက်ကြပ်သိမ်းဆည်းရမိခြင်းမရှိဘဲ ဆိပ်ကမ်းကြားပေါက်လုပ်သား မောင်မောင်အေးနှင့် မောင်ကျော်ဆွေတို့ သယ်ဆောင်လာသောပစ္စည်းနှင့်စပ်လျဉ်း၍ မသင်္ကာသူအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အမှုတွင် အလုပ်သမား မောင်မောင်အေးနှင့် မောင်ကျော်ဆွေတို့ကို သက်သေအဖြစ် ထည့်သွင်းမထားသည်အပြင် တရားခံ မောင်စန်သီယာဂူးကို ဖမ်းဆီးရမိပြီးချိန်တွင် အဆိုပါအလုပ်သမားနှစ်ဦးအား ခေါ်ယူပြသရန် ပျက်ကွက်ခဲ့သည့်အတွက် ပစ္စည်းသယ်ခိုင်းသူမှာ မောင်စန်သီယာဂူးဖြစ်ကြောင်း မှတ်ယူနိုင်ရန် ခဲယဉ်းပါကြောင်း လျှောက်လဲတင်ပြသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုပေါ်ပေါက်လာပုံမှာ ဒုတိယရဲအုပ် ဦးခင်မောင်လွင်နှင့် နယ်ထိန်းရဲတပ်သား ကျော်မင်းတို့သည် ကလေးဝမြို့ လမ်းဆုံရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြစဉ် ကုန်ထမ်းအလုပ်သမား မောင်မောင်အေးနှင့် မောင်ကျော်ဆွေဆိုသူတို့က ၎င်းတို့ထမ်းလာသော အထုပ်တစ်ထုပ်ကို ချထားလိုက်ပြီး အဆိုပါအထုပ်ကို မသင်္ကာသဖြင့် လာရောက်ကြည့်ရှုရန်ခေါ်ရာ ဦးခင်မောင်လွင်တို့ နှစ်ဦးသည် သွားရောက်ကြည့်ရှုသည်။ ထိုအထုပ်ထဲမှ အရည်များကျနေသဖြင့် ရ. ဝ. တဉက္ကဋ္ဌ ဦးလှမြင့်၊ အဖွဲ့ဝင် ဦးလှမောင်တို့ရှေ့တွင် ဖွင့်ဖောက်ကြည့်ရှုရာ ဂုန်နီအိတ်အတွင်းမှ ဖန်စီဒိုင်းဆေးပုလင်း ၉၅ လုံးကို တွေ့ရကြောင်း စိစစ်ခဲ့သည်။

ဒုတိယရဲအုပ် ခင်မောင်လွင်က အဆိုပါ ကုန်ထမ်းအလုပ်သမားနှစ်ဦးကို ဒီအထုပ် မည်သူ့ပစ္စည်းလဲ၊ မည်သူသယ်ခိုင်းသလဲဟုမေးရာ အသားမည်းမည်း ကုလားဆင်မြန်မာလူမျိုးတစ်ဦးက သယ်ခိုင်းကြောင်း၊ ထိုသူသည် မုံရွာသွားရန် စက်လှေဂိတ်ဘက်သွားသည်ဟု သတင်းပေးသည်။ ရဲတပ်သားကျော်မင်းကို သွားရောက်ရှာဖွေခိုင်းရာ မြန်မာလိုလူကို မတွေ့ရသဖြင့် ကုလားတစ်ဦးဖြစ်သူ မောင်စန်သီယာဂူးအား ခေါ်ယူလာခဲ့သည်။ ဂုန်နီအိတ်မှာ သူ့အပိုင်ပစ္စည်းမဟုတ်ကြောင်း ငြင်းဆိုသော်လည်း ရဲများက ရှာဖွေပုံစံတွင် အတင်း လက်မှတ်ရေးထိုးခိုင်းသဖြင့် လက်မှတ်ရေးထိုးရခြင်းသာဖြစ်ကြောင်း ထုချေထားသည်ကို တရားရုံးချုပ်က ဖော်ထုတ်စိစစ်ခဲ့ပါသည်။

တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ မောင်စန်သီယာဂူး၏လက်ဝယ်မှ ဖန်စီဒိုင်းဆေးပုလင်းများပါရှိသော ဂုန်နီအိတ်ကို ဖမ်းဆီးရမိခြင်းမရှိသည်မှာ အငြင်းမပွားသောအချက်ဖြစ်ကြောင်း၊ အဆိုပါ ဂုန်နီအိတ်မှာ မောင်စန်သီယာဂူး သယ်ဆောင်လာသော ပစ္စည်းဖြစ်သည်ဟုလည်း တရားလိုဘက်က တင်ပြနိုင်ခြင်း အလျဉ်းမရှိကြောင်း၊ မောင်စန်သီယာဂူးက သယ်ခိုင်းသောပစ္စည်းဖြစ်သည်ဟု အဆိုပါ အလုပ်သမားနှစ်ဦးက ပြောကြောင်းလည်း အမှုတွဲတွင် ပေါ်ပေါက်ခြင်းမရှိကြောင်း **"အသားမည်းမည်းနှင့် ကုလားဆင်မြန်မာလူမျိုးတစ်ဦး"**က သယ်ခိုင်းသည်ဟု ပြောခဲ့သည်ဆိုသော်လည်း မောင်စန်သီယာဂူးမှာ မြန်မာလူမျိုးမဟုတ်ဘဲ ကုလားတစ်ဦးသာဖြစ်နေကြောင်း တရားရုံးချုပ်က စေ့စပ်သေချာစွာ စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ဒုတိယရဲအုပ်ခင်မောင်လွင်က **"မောင်စန်သီယာဂူး၏ပစ္စည်းဖြစ်ရမည်ဟု မသင်္ကာသဖြင့် အရေးယူခြင်း"** ဖြစ်ပါသည်ဟု၍လည်းကောင်း၊ သက်သေခံပစ္စည်းချထားသောနေရာနှင့် စက်လှေဂိတ်မှာ နှစ်ဖာလုံခန့်ဝေးကြောင်း၊ မောင်စန်သီယာဂူးနှင့် သက်သေခံပစ္စည်းမှာ တစ်နေရာစီတွေ့ရှိခြင်းဖြစ်ကြောင်း ထွက်ဆိုထားပေရာ မောင်စန်သီယာဂူးအနေဖြင့် ထုချေဖြေရှင်းရန် အကြောင်းပင်ပေါ်ပေါက်သည်ကို မတွေ့ရကြောင်း တရားရုံးချုပ်က ဝေဖန်ဆန်းစစ်ခဲ့ပါသည်။

ဤသို့ဖြစ်လျက် စစ်ကိုင်းတိုင်းတရားရုံး (ကလေးခရိုင်)က တရားခံ၏ထုချေချက်ကို လက်မခံထိုက်ကြောင်း ဖော်ပြလျက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ အထင်အရှား မှားယွင်းနေကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းတရားရုံး (ကလေးခရိုင်)က အယူခံတရားလို မောင်စန်သီယာဂူးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၉(က)အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်လိုက်ပြီး မောင်စန်သီယာဂူးကို တရားရုံးချုပ်က အမှုမှ အပြီးအပြတ် လွှတ်လိုက်ပါသည်။

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ထောင်တွင်းအကျဉ်းခံရသည့် မောင်စန်သီယာဂူးသည် တရားရုံးချုပ်အယူခံမှုတွင် လွတ်မြောက်သွားခဲ့ရာ မူလရုံးတော်မှ စီရင်ဆုံးဖြတ်ခွင့်ရှိသူများအနေဖြင့် အထူးပင် သတိပြု ဆင်ခြင်သင့်ပါကြောင်း မောင်စန်သီယာဂူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်-၁၃၅ စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# ကြံခင်းမြို့နယ် ရင်းတိုက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြံခင်း မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရင်းတိုက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ရင်းတိုက်ကုန်းကျေးရွာ၌ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ရင်းတိုက်ကုန်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ သန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ၂၀၂၃ ခုနှစ် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၉ အိမ်၊ လူဦးရေ ၁၂၀ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် နေလှန်းဆား ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ဒေသထွက် နေလှန်းဆား ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၆၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ နေလှန်းဆား ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မတ်လထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်"ဟု ဒေါ်အေးအေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် လွယ်မောကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်

**တောင်ကြီး မတ် ၁၉**

၇၉ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် လွယ်မောကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာလမ်းထိပ်မုခ်ဦး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လွယ်မောကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ပေးနိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကတ္တရာလမ်းသစ်ခင်းပေးခြင်းအတွက် တာဝန်ရှိသူများကို ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုးတို့က လွယ်မောကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါ လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။

ညောင်ရွှေမြို့နယ် လွယ်မောကျေးရွာအဝင်လမ်း အရှည် ၃ ဒသမ ၉၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၅ ဒသမ ၈၅၁ သန်းဖြင့် Mya Thike Family ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လက ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲများတွင် ၈၈၇၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ယင်းမာပင် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲများတွင် ၈၈၇၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၈၈၇၉ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၉ တင်း ထွက်ရှိကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မတ်ပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထားတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်လဲ ရိတ်သိမ်းနေကြပါတယ်။ မတ်ပဲ စိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၁၁ ဧက၊ ကနီမြို့နယ်တွင် ၅၀၉၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၁၃ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၀၆၀ စုစုပေါင်း ၈၈၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ယင်းမာပင်မြို့နယ်တွင် ၆၁၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၇၆၂၀ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၁၃ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၀၆၀ စုစုပေါင်း ၁၁၄၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)



# တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ငါးဇင်ရိုင်းကျေးရွာအုပ်စု ငါးဇင်ရိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၈ ဒသမ ၃၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၅ သိန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၄ ဦးကို ငွေကျပ် ၃၂ ဒသမ ၈၇ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၂၈၇ ဦးကို ငွေကျပ် ၅၈ ဒသမ ၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မင်းဘူးမြို့နယ် မုန်တောင်(ရွာမ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် မုန်တောင်ကျေးရွာအုပ်စု မုန်တောင်(ရွာမ)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုန်တောင်(ရွာမ) ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ပိုင်ဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

မုန်တောင်(ရွာမ) ကျေးရွာ၌ လမ်းအရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၆၃ သိန်းအသုံးပြု၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဓငိမာ**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၄၀၉၇ ဧက ရိတ်သိမ်းပြီးစီး



**ကျွန်းလှ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၄၀၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မိုးစပါး ၃၄၀၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၃ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း စပါး ၃၄၀၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ စပါးဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်း ကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ဖို့ အသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးတဲ့စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၃၄၀၉၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၄၀၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါး စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သော ဆင်းသုခ ၇၀၂၅ ဧက၊ မနောသုခ ၄၇၇၈ ဧက၊ ရွှေသွယ်ရင် ၅၂၆၄ ဧက၊ ရောမင်း ဧက ၁၇၀၃၀ စပါးမျိုးများ စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းဝေးကြောင်း ထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သရက်ချောင်းမြို့နယ် ရေချိုချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက်ချောင်း မတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရေချိုချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေချိုချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သရက်ချောင်းမြို့နယ် ရေချိုချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဋ္ဌမနှစ်စက်ဝန်းအဖြစ် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၀၀ ထုတ်ချေးပေးထားကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၈၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၀၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ









## မိသားစုဘဝ လုံခြုံစိတ်ချဖို့

## ကျန်းမာရေးအာမခံ

## ထားကြစို့!

**We Protect The Family**

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



### ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်နေ မမေသရဖီမြင့်(ဘ)ဦးတင်မြင့်(၉/မဟမ(နိုင်)၀၅၇၂၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-645680) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၅၉၆၀၃၅



### ဖခင်အမည်မှန် နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်၊ အကွက်(၂၂၄)နေ မောင်လျှံအောင်ကောင်းမြတ် ၏ ဖခင်အမည်မှန်မှာ ဖွားစာရင်းအရ ဦးစိုးဇော်ဦး ဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၈-၂၀၀၇ ဖြစ်ပါကြောင်း။
**ဦးစိုးဇော်ဦး(၉/ မရတ(နိုင်)၀၆၃၁၆၆)၊ ၁-၈-၂၀၀၇**


ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ပလင်းတန်**
**ဖွံ့ဖြိုးဖို့**
**စာအုပ်**
**စာပေ**
**ဖတ်ကြစို့**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export) တိုးမြှင့်နိုင်ရန်လို...

❖ ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ငွေကြေးအရင်းအနှီးလိုအပ်နေသော ဆီစက်ပိုင်ရှင်များ ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာ

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက်လိုင်စင် (သက်တမ်းရှိ) ရရှိရမည်၊

(ဂ) ချေးငွေအတွက်အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက သီးခြားအာမခံတင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ၊ သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင် ဆီစက်လုပ်ငန်းရှင်များကို ဦးစားပေးစဉ်းစားမည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၉**

မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကျင်းပ စာမျက်နှာ - ၉



နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပပြုလုပ် စာမျက်နှာ - ၂၀

မန္တလေးဈေးချိုတော်ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ယာယီပိတ်ထားမည် စာမျက်နှာ - ၂

မန္တလေးတိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဇုန်များကို မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်ပေးထားမည် စာမျက်နှာ - ၃

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉